# ဝဍ္ဎဝင်းထွန်း

## ဘုံများ၍
## အိပ်စက်ခြင်း



# စန္ဒာဝင်းထွန်း
# ဆူးများ၌ အိပ်စက်ခြင်း
## အပိုင်း (၁) ၏ နိဒါန်း

အမြဲတစေ အောင်မြင်နေသော လူတစ်ယောက်အတွက် မမျှော်လင့်ဘဲ ရရှိလိုက်ရသည့် အရှုံးသည် ဘဝအား ပိုးစိုးပက်စက် သေဆုံးစေသည် ဆိုလျှင်... ထို အဖြစ်အပျက် ဖြစ်ပွားပြီးနောက် တစ်စက္ကန့်ကလေးမှ နောက်ကျခြင်း မရှိဘဲ 'မင်းရဲထွဋ်' ဆိုသော လူတစ်ယောက်သည်လည်း လှလှပပကြီးကို သေဆုံးသွားရတော့သည်။

***

## အပိုင်း (၁)

၁၉၉၃၊ နိုဝင်ဘာလ ၁၅၊ တနင်္ဂနွေနေ့။

အခါတော်ပေး သီချင်းကို လေချွန်ရင်း.... သူက ကိုယ့်ကိုယ်ကိုယ် မှန်ထဲတွင် ကြည့်မိသည်။ မှန်ထဲမှ ပုံရိပ်တစ်ခုက မြန်မာသတို့သား ဝတ်စုံအပြည့်အစုံဖြင့်၊ သူ့ကို လေချွန်ပြနေ၏။

သူက ထိုပုံရိပ်ကို ကြည့်၍ ပေါ့ပေါ့ပါးပါး ရယ်မောဖြစ်သွားသည်။

ကဲ ... အမြဲတစေ အနောက်တိုင်း ဆန်နေတတ်တဲ့ မင်းရဲထွဋ်ရဲ့ သတို့သား ဝတ်စုံဟာ မင်္ဂလာပွဲ တက်လာတဲ့ လူတွေကို ဘယ်လောက်ထိများ တအံ့တသြ ဖြစ်သွားစေမလဲ၊ စိတ်ဝင်တစားနဲ့ ပြောစမှတ်တစ်ခု ဖြစ်သွားစေမလဲ။

အတွေးနှင့်အတူ မှန်ရှေ့၌ ကိုယ်ကို တစ်ပတ် လှည့်ကြည့်လိုက်ဆဲ သူ့မျက်ဝန်းထောင့်ထဲသို့ အခန်းနံရံပေါ်မှ နာရီကြီးက ရိပ်ခနဲ ခုန်ချ၍ ဖြတ်ပြေးသည်။

နှစ်နာရီထိုးဖို့ ဆယ့်ငါးမိနစ်အလို။

ဒါဆို… မင်္ဂလာပွဲစဖို့ ဆယ့်ငါးမိနစ်ပဲ လိုတော့တာပေါ့။

အပြီးသတ် ပြင်ဆင်ခြင်းအဖြစ် ဖိနပ်စင်ပေါ်၌ အဆင်သင့် တင်ထားသော နီညိုရောင် ကတ္တီပါ ပိန်းတောဖိနပ်ကို ချစီးအပြီး သူက သတို့သမီးကို ကြိုဆိုဖို့အတွက် အဆင်သင့် ဖြစ်သွားတော့သည်။

သတို့သမီးကို … လက်ချိတ်ထားသည့် ပုံစံဖြင့် လမ်းလျှောက်ကြည့်နေဆဲ အခန်းထဲသို့ မောင်ထူး ဝင်လာသည့်အတွက် သူက ရှက်ရှက်ဖြင့် ပြောမိပြောရာ ပြောချဖြစ်သွားသည်။

"ဟာ… အနေရအထိုင်ရ ကျဉ်းကျပ်လိုက်တာကွာ"

သူ့ကို ကြည့်နေသော မောင်ထူး၏ မျက်နှာက ပြုံးစိစိ၊ မလုံမလဲ ဖြစ်သွားသော သူက မောင်ထူးကို ခပ်တည်တည်ဖြင့် ဟောက်ပစ်လိုက်သည်။

"ဘာလဲကွ… မင်းက ပြုံးစိစိ လုပ်နေတာ"

"မ… မဟုတ်ပါဘူးဆရာ ကျွန်တော်ပျော်လို့ပါ"

မောင်ထူး စကားကြောင့် သူက နှစ်နှစ်ခြိုက်ခြိုက် ရယ်မောလိုက်မိသည်။

"အေးပေါ့ကွာ အလျှောက်ကောင်းတော့လည်း လွတ်စေပေါ့"

လိုအပ်တာထက်ပိုပြီး ကျယ်ကျယ်လောင်လောင် ရယ်မောပြီးသည်အထိ သူက နောက်ထပ် မိနစ်အနည်းငယ် အတွင်း ဖြစ်လာတော့မည့် အဆိုးဝါးဆုံး တစ်စုံတစ်ရာကို လုံးဝ မရိပ်မိနိုင်အောင် ရိုးသားနေခဲ့တာ သေချာသည်။

"ဆရာ ... မမမေလည်း အခုထိ မလာသေးဘူး၊ ညှော်သည်တွေတောင် တော်တော် ရောက်နှင့်နေပြီ ဆရာရဲ့"

မောင်ထူး စကားကြောင့် သူက နာရီကြီးကို မော့ကြည့်မိပြန်သည်။

နှစ်နာရီထိုးဖို့ ဆယ်မိနစ်။

အိုး... သူကိုယ်တိုင်တောင် ပြင်ဆင်လို့ မပြီးနိုင်၊ မှန်ရှေ့က မခွာနိုင် ဖြစ်နေတာ သတို့သမီး လုပ်ရမယ့်သူက ပိုဆိုးနေတော့မပေါ့။

"လာမှာပေါ့ကွာ၊ ငါ့သတို့သမီး ပြင်မပြီး ဆင်မပြီး ဖြစ်နေမှာပါ"

မောင်ထူးက ရယ်ပြီး ခေါင်းညိတ်သည်။

မင်းရဲထွဋ်ကတော့ စောစောက လေချွန်နေလက်စ သီချင်းကို ဆက်လက်ချွန်ရင်း မင်္ဂလာဆောင်ပွဲ တစ်ခုကို ဆင်နွှဲဖို့ ကျေနပ်စွာ ရင်ခုန်နေမိ၏။

အခုအချိန်ဆို မေယမုံလည်း အသေအလဲ ရင်ခုန်နေရောပေါ့၊ ညှော်သည်တွေကို အလှဆုံး ပြုံးပြနိုင်ဖို့ အပြုံး တောက်တောက်ကလေးတွေ ရအောင် မှန်ရှေ့မှာ လေ့ကျင့်မနေပါဘူးလို့ရော ကဲ ဘယ်သူပြောနိုင်မလဲ၊ အမြဲတမ်း သွေးအေးတတ် တည်ငြိမ်တတ် ဟန်ဆောင်တတ်တဲ့ မေယမုံ ဆိုတဲ့ အမျိုးသမီးကလေးဟာ အခုအချိန်မှာတော့ ဘယ်လိုနည်းနဲ့မှ သွေးအေးနိုင်တော့မှာ မဟုတ်ပါဘူး။

အတွေးနှင့်အတူ မင်းရဲထွဋ်က မေယမုံ ပုံစံကလေးကို မြင်ယောင်ကြည့်နေမိသည်။

သတို့သမီးဝတ်စုံကလေး ဝတ်ထားတဲ့ မေယမုံဟာ ဘုရင်မတစ်ပါးလို ဘယ်လောက်များ လှပ ခန့်ညား နေလိုက်မလဲ။

သတိလက်လွတ်နှင့် စားပွဲပေါ်မှ မေယမုံ ဓာတ်ပုံလေးကို ကောက်ယူ နမ်းရှိုက်လိုက်ပြီးမှ မောင်ထူး ရှိနေခြင်းကို အမှတ်ရကာ သူက

ရှက်ကိုးရှက်ကန်း ဖြစ်သွားသည်။

ဓာတ်ပုံကလေးကို စားပွဲပေါ်ပြန်တင်တော့ ရင်ခုန်သံများက တဒိတ်ဒိတ်။ မေယမုံရယ် မင်းနဲ့ ပတ်သက်လာရင် သက်ရှိရုပ်ခန္ဓာကို မပြောနဲ့ သက်မဲ့ ဓာတ်ပုံကလေးကိုတောင် ကိုယ်က ရင်ခုန်နေတယ်၊ ဒါနဲ့တောင် ကိုယ် မင်းကို မချစ်ပါဘူးဆိုတဲ့ စွပ်စွဲချက်မျိုးတွေနဲ့ မင်းက တိုက်ခိုက် တတ်တယ်နော်...။

ကဲ ကိုယ်တို့ အခု မင်္ဂလာဆောင်တော့မယ်။ ပြီးတော့ သေတစ်ပန်သက်ဆုံး အတူနေကြတော့မယ်။ ဒါဟာ ဟောသည်တစ်လောကလုံးမှာ မင်းရဲထွ ဋ်ရဲ့ အချစ်ဆုံး အတွယ်တာဆုံး အလေးအနက် အထားဆုံး မိန်းမဟာ မင်းပါပဲလို့ အခိုင်အမာ သက်သေပြဘာပဲပေ့ါ။

အတွေးနှင့် ခပ်ငိုင်ငိုင်ဖြစ်သွားသော သူ့ကို စကားကို တိုးတိုးသက်သာ ဘယ်တော့မှ မပြောတတ်သော လေးလေး၏ အသံက ခပ်ကြမ်းကြမ်း ဝင် တိုက်သွားသည်။

"ဟေကောင် ရဲထွဋ်၊ ဧည့်သည်တွေ ပြည့်နေပြီကွ၊ သတို့သမီး ဘာဖြစ်နေလဲ၊ ဖုန်းဆက် စမ်းကွာ၊ ဒါမှမဟုတ် မောင်ထူးကို အကြိုလွှတ်၊ ပြီးတော့ ခန်းမထဲကို မင်းသွား၊ ဧည့်သည်တွေက မေးလှနေပြီ"

သူက နာရီကို မော့ကြည့်မိပြန်သည်။

နှစ်နာရီထိုးဖို့ ငါးမိနစ်။ ဟုတ်ပါရဲ့ ယမုံတို့ လမ်းမှာများ တစ်ခုခု ဖြစ်နေသလား၊ ဒါမှမဟုတ် အိမ်ကပဲ ထွက်မလာကြသေးတာလား။

"ဟေ့ကောင် ငိုင်မနေနဲ့ကွ၊ လုပ်စရာရှိတာလုပ်"

လေးလေးအသံကြောင့် သူက လန့်ဖျပ်သွားသည်။

"ဖြည်းဖြည်း ပြောပါ လေးလေးရာ လေးလေး ပြောနေတဲ့ အသံက

သတို့သမီးပဲ လင်နောက် လိုက်သွားသလိုလို"

သူ့ဟာသကို မောင်ထူးက ပြုံးရုံသာပြုံးပြီး လေးလေးကတော့ နည်းနည်းကလေးမှ မပြုံးမရယ်။

"ကဲ မောင်ထူး ငါ့ကားယူပြီး လိုက်သွားစမ်းကွာ၊ လမ်းမှာများ ကားတွေဘာတွေ ပျက်နေသလားပဲ၊ ကားပျက်နေတယ် ဆိုရင် မင်းမမမေနဲ့ ငါ့ယောက္ခမလောင်း တွေကို အရင်တင်ခေါ်လာခဲ့၊ နောက်မှ ကားပျက်ပြဿနာကို ရှင်း၊ ဟုတ်ပြီလား"

"ဟုတ်ကဲ့ ဆရာ"

စားပွဲပေါ်မှ ကားသော့ကို ယူပြီး မောင်ထူးက ဝုန်းဒိုင်းကြဲ အခန်းထဲမှ ပြေးထွက်သည်။ မောင်ထူးရဲ့နောက်ကို ပြေးလိုက်သွားတာက လေးလေးရဲ့ အသံ။

"ဟေ့ကောင် မောင်ထူး သွားနေကျ လမ်းအတိုင်းသာသွား မြန်မြန်ရောက်အောင် ဆိုပြီး ဖြတ်လမ်းက သွားမနေနဲ့၊ လွဲနေလိမ်မယ်"

"ဟုတ်"

အရေးတကြီးကိစ္စ သေရေးရှင်ရေး ကိစ္စတစ်ခုလို ပျာယာခတ်နေသော လေးလေးနှင့် မောင်ထူးကို ကြည့်၍ သူက အူကြောင်ကြောင် ဖြစ်လာသည်။

နေစမ်းပါဦး... မင်္ဂလာပွဲညှော်ခံပွဲက နှစ်နာရီမှာ လုပ်မှာဆိုတော့ သတို့သမီးကလည်း နှစ်နာရီထိုးမှ ရောက်လာမှာပေါ့၊ စောစောစီးစီးလာပြီး ဟန်ရေးပြနေရမှာတဲ့လား၊

လေးလေးတို့က ... ဘာဖြစ်လို့များ အလောတကြီးနဲ့ ယောက်ယက်ခတ်နေရတာပါလိမ့်။

"ဟကောင်ရ ဖုန်းဆက်လေကွာ၊ မြန်မြန်လုပ်၊ ပြီးရင် ဧည့်သည်တွေဆီ ဆင်း"

ပါးစပ်ကလည်းပြော၊ လက်ကလည်း စားပွဲပေါ်မှ ဖုန်းကို လှမ်းယူပေးနေသော လေးလေး၏ ဗိုက်ပူကြီးကို သူက ချစ်စနိုးဖြင့် လှမ်းပုတ်လိုက်မိသည်။ အခုအချိန်မှာတော့ သူ့အဖို့ အမေလည်း လေးလေး၊ အဖေလည်း လေးလေးပဲပေါ့။

ဖေဖေနှင့် မေမေကတော့ သူ့ရဲ့ ကြီးကျယ်ခမ်းနားသော မင်္ဂလာပွဲကို စီစဉ်ပေးဖို့ အခွင့်မသာနိုင်ဘဲ ဟိုး ကမ္ဘာ့ အနောက်ခြမ်းက နိုင်ငံတစ်နိုင်ငံမှာ…။

"ဖုန်းဆက်ပြီး ဆင်းလာစမ်းကွာ ရဲထွန်း၊ အေးစက်စက် ထုံပေပေ လုပ်မနေနဲ့၊ ရှီးမှပဲ ငါကိုယ်တိုင် မင်္ဂလာဆောင်ရတာထက်တောင် စိတ်ပင်ပန်းသေးတယ်"

"နေပါဦး လေးလေးက ဘယ်တုန်းကများ မင်္ဂလာဆောင်ဖူးလို့လဲ၊ လူတွေကြားရင် အထင်ကြီး နေတော့မှာပဲဗျာ၊ အထင်ကြီးတာက အရေးမကြီးဘူး၊ တော်ကြာ ကောင်မလေးတွေ ကြားကုန်မှ မင်္ဂလာဆောင်ဖူးပြီးသား အဟောင်းကြီးဆိုပြီး လေးလေးကို မကြည်တော့ပဲနေမှာ"

"ဟေ့ကောင် ရပ်ပြောင်လုပ်မနေနဲ့ ကိုယ့်ကိစ္စ ကိုယ်လုပ်"

သူ့စကားကို စိတ်ဆိုးချင်ယောင်ဆောင်ပြီး အခန်းထဲမှ လေးလေး ထွက်သွားတော့ လေးလေးကြားအောင် အော်ကြီးဟစ်ကျယ် ရယ်မောပြီး သူက အလွတ်ရနေသော မေယမုံ ဖုန်းနံပါတ်ကို သွက်လက်ပေ့ါပါးစွာ နှိပ်ဖြစ်သွားသည်။

သေချာလွန်းတာကတော့ ထိုအချိန်အထိ သူက အရာရာအပေါ်၌ စိတ်ချ

လက်ချ ရှိနေဆဲ။

***

၁၉၉၃၊ နိုဝင်ဘာ-၁၅၊ တနင်္ဂနွေနေ့။

နေ့လယ် ၁း၅၅။

နောက်ဆုံး အကြိမ်အဖြစ် မှန်ထဲမှ ပုံရိပ် လှလှကလေးကို ပြုံးကြည့်ပြီး အခန်းထဲမှ ထွက်ရန်ပြင်ဆဲ တယ်လီဖုန်းခေါ်သံက အလန့်တကြား ထမြည်သည်။

"ကဲ... မယမုံ ထွက်တော့လေ၊ ဟိုမှာ သတို့သားက လည်ပင်း ရှည်နေလောက်ပြီ"

"လာပြီ မေမေ၊ ခဏလေး၊ သည်မှာ ဖုန်းလာနေလို့"

မေမေ့ကို လှမ်းပြောပြီး သူမက မနားတမ်း အော်နေသော ဖုန်းကလေးကို အသာ ကောက်ကိုင်ပြီး စကားပြောခွက်နှင့် ထိ၍ နှုတ်ခမ်းနီများ ပျက်မသွားအောင် သတိကြီးစွာဖြင့် ဖုန်းထူးဖြစ်သွား၏။

"ဟယ်လို..."

ညင်ညင်သာသာ ထူးလိုက်ရင်း သူမ နောက်ကျမှာစိုးလို့ မောင်ဖုန်းဆက်တာပဲ နေမှာ ဆိုသော အတွေးနှင့် ပြုံးလိုက်မိဆဲ... တစ်ဖက်မှ အမျိုးသမီး အသံ မာဆတ်ဆတ်တစ်ခုက နားထဲသို့ ပြေးဝင်လာသည်။

သေချာတာကတော့ ထိုအသံနှင့်အတူ သူမဆီသို့ ကံဆိုးမိုးမှောင် ကျစေ

ခြင်းများ အဆက်မပြတ် ရောက်လာပြီး သူမကိုယ်တိုင် နှစ်သက်ပျော်ရွှင်နေသော သတို့သမီးဆိုသည့် ဝတ်ရုံလွှာကို ကြမ်းတမ်းစွာ ဆွဲခွာသွားခြင်းပဲဖြစ်၏။

"ဟယ်လို"

"မေယမုံနဲ့ စကားပြောချင်လို့"

မာဆတ်နေသော အသံကြောင့် ရုတ်တရက် သူမက ကြောင်အအ ဖြစ်သွားသည်။ သည်လို အချိန်မျိုးမှာ သည်လို အသံမျိုးနှင့် မေယမုံဆီသို့ ဘယ်သူကများ ဖုန်းဆက်တာပါလိမ့်။

"ဟယ်လို"

တစ်ဖက်မှ စိတ်မရှည်သော အသံကြောင့် သူမက မျက်မှောင်ကုတ်ရင်း ပြန်ဖြေမိသည်။

"ဟုတ်ကဲ့ ပြောပါ။ ကျွန်မ မေယမုံပါ"

သူမ၏ စကားအဆုံး၌ သဘောကျချင်စရာ မကောင်းသော ရယ်သံတစ်ခုက နားထဲသို့ ထော်လော်ကန့်လန့် ဝင်လာသည်။

ဘာလဲ။ အဲဒါဘာလဲ၊ ဘာသဘောလဲ၊ ဖုန်းသရဲလား၊ ဖုန်းမှင်စာလား။

သူမက တစ်ခုခုပြောရန် ဟန်ပြင်ဆဲ တစ်ဖက်မှ အမျိုးသမီးက သူမထက် ဦးသွားသည်။

"မေယမုံ မင်း ပျော်နေမှာပေါ့နော်"

ခနိုးခနဲ့ အသံကြောင့် သူမက ခပ်ဆတ်ဆတ် ပြန်မေးလိုက်သည်။

"ရှင် ဘယ်သူလဲ"

"အိုး... ဟိုး... ကိုယ်ဘယ်သူလဲ ဆိုတာကို မင်း သိမှာပါ မေယမုံ၊ ကိုယ်က မင်းရဲ့ထွဋ်နဲ့ မနေ့ကအထိ တွဲခဲ့တဲ့သူလေ၊ ကဲ မင်းသိပြီလား"

ဒိန်းခနဲ မြည်သံနှင့်အတူ ဦးခေါင်းတစ်ခုလုံး ပေါက်ကွဲလွင့်စဉ်သွားသလို ခံစားလိုက်ရပြီး သူမက ကယောင်ကတမ်းဖြင့် မေးခွန်း ထုတ်ဖြစ်သွားသည်။

"ဟင့်အင်း… ကျွန်မ မသိဘူး၊ ရှင်… ရှင်ဘယ်သူလဲ"

သူမ၏အသံက ရုပ်ပျက်ဆင်းပျက်။

"စဉ်းစားပါဦး မေယမုံရယ်၊ ကိုယ်ဘယ်သူလဲ ဆိုတာကို၊ မင်း တကယ် မသိတော့ဘူးလား"

"ဟင့်အင်း၊ ကျွန်မ မသိဘူး"

ပြောလိုက်ပြီးမှ သူမက ဒေါသတကြီး ဖြစ်သွားပြီး ကိုယ့်ပါးကို ကိုယ် ရက်ရက်စက်စက် ပြန်ရိုက်ချပစ်ချင်စိတ်များ ပေါက်သွားသည်။

အို… တကယ်ဆို သိတယ်မသိဘူး ပြန်ဖြေနေစရာလည်း မလိုဘူး။ ရှင် ဘယ်သူလဲလို့ အရေးအရာထားပြီး မေးနေစရာလည်း မလိုဘူး။ အခုအချိန်မှာ မေယမုံ လုပ်ရမယ့်အလုပ်က မောင်ရှိနေတဲ့ မင်္ဂလာခန်းမကိုသွားပြီး မောင်နဲ့ လက်ထပ်ဖို့ပဲ။

"မင်း မသိဘူးဆိုတော့လဲ ကိုယ်က ပြောရတာပေါ့ကွာ"

အထက်စီးဆန်ဆန် လေသံအဆုံးမှာတော့ သူမက ပြင်းထန်စွာ ပေါက်ကွဲ အော်ဟစ်ဖို့ အဆင်သင့် ဖြစ်သွားသည်။

"မပြောနဲ့၊ လုံးဝ မသိချင်ဘူး"

စိတ်ဆိုးမာန်ဆိုးဖြင့် တယ်လီဖုန်းခွက်ကို ပစ်ချရန်ဟန်ပြင်ဆဲ အော့နှလုံးနာစရာ ကောင်းလွန်းလှသော ရယ်မောသံက သူမကို နှိပ်စက် ပြန်သည်။ စိတ် အနှောင့်အယှက် ကြီးစွာဖြင့် တယ်လီဖုန်းခွက်ကို ပစ်ချရန် နောက်တစ်ကြိမ် ကြိုးစားဆဲ ဘယ်လိုမှ မျှော်လင့်မထားမိသည့် အဆိုးရွား

ဆိုးသော အဖြစ်အပျက်များက အံ့ဩစရာ ကောင်းလောက်အောင် လျင်မြန်မှုမျိုးဖြင့် သူမဆီသို့ ရောက်လာကြတော့သည်။

"နိုး... နိုး... မသိချင်လို့ မရဘူးလေ မေယမုံရယ်၊ မင်းနဲ့ကိုယ်က မင်းရဲထွင့်ကို ဗဟိုပြုပြီး တစ်သက်လုံး ပတ်သက်နေရမယ့် မိန်းမနှစ်ယောက်ပဲဟာ"

"ဘာပြောတယ်"

အကျယ်ကြီး အော်ချလိုက်ပေမဲ့ အမှန်တကယ် ထွက်သွားသော သူမ၏ အသံက တိုးတိုးကလေး။

"ဩော် မင်းကတော့ ဘယ်သိပ့ါမလဲနော်၊ ကိုယ့်စိတ်ထဲမှာတော့ မင်း သိနေလိမ့်မယ်လို့ ယူဆထားမိတာ၊ ဘာဖြစ်လို့လဲဆိုတော့ ကိုယ်တို့၊ ထွဋ်တို့ရဲ့ ဝန်းကျင်က လူအတော်များများက သည်အကြောင်းကို သိနေကြတယ် မဟုတ်လား"

သည်အကြောင်း...။ အဲသည် သည်အကြောင်း ဆိုတာ ဘာလဲ။

နားထင်မှ စီးကျလာသော ချွေးစီး ချွေးပေါက်များက လည်တိုင်ကို ဖြတ်သန်းပြီး ရင်ညွန့်ဆီသို့ စီးကျသည်။

ဘုရားရေ... အရှင်လတ်လတ်ကြီး ငရဲမီးထဲ ခုန်ချမိပြီ ထင်ပါရဲ့။

"သည်မှာ လိုရင်းကိုပဲပြောပါ ကျွန်မဆီမှာ အချိန်မရှိဘူး"

တုန်ခါနေသော ကိုယ့်အသံကို ကိုယ် စိတ်ဆိုးနေဆဲ၊ တယ်လီဖုန်းခွက်ထဲမှ တစ်ဆင့် သူမ၏ ခန္ဓာကိုယ်ထဲသို့ ငရဲမီးများ ဖြတ်သန်း စီးဆင်းသွားတော့သည်။

"ဟုတ်ပါရဲ့ အခုအချိန်ဆို သတို့သားချောက မင်းကိုမျှော်နေရော့မယ်"

သေပေ့ါ။

အခုကြားနေရတဲ့ စကားသံဟာ ဆုပ်ကိုင်လို့ရတဲ့ ပစ္စည်းတစ်ခုသာဆို

ရင်... သိပ်ကို သေချာတယ်၊ မေယမုံက စိစိညက်ညက်ကြေအောင် ဟောသည့်လို... ဟောသည့်လို... ခြေမွပစ်မိလိမ့်မယ်။

"တို့နာမည်... ဒေဝီခင်၊ ကဲ... သည့်နာမည်ကိုတော့ မင်းသိမှာပါကွယ်၊ တဆိတ်... မိနစ်ဝက်လောက်ကလေး ကိုယ့်မျက်နှာကို ပုံဖော်ကြည့်လိုက်စမ်းပါ"

သွားစမ်း... မကောင်းဆိုးဝါး ဒေဝီခင်။

စိတ်ထဲမှနေ၍ အပြင်းအထန် ကျိန်ဆဲလိုက်မိသော်လည်း သူမက ဒေဝီခင် ဆိုသော နာမည်နှင့် မိန်းမတစ်ယောက်၏ ပုံရိပ်ကို အလျင်စလိုပင် အာရုံထဲ၌ ထင်ဟပ်လာအောင် ပုံဖော် ကြည့်မိသွားတော့သည်။

အိုး... ဒေဝီခင်ဆိုတာ... မောင်တွဲနေတဲ့ အတွဲတွေ အများကြီးထဲက မောင့်အနားမှာ ကြာကြာ အနေရဆုံး မိန်းမတစ်ယောက်ပဲ။

ရုတ်တရက် သူမ၏ အာရုံထဲသို့ ဒေဝီခင်၏ နီရဲတောက်ပနေသော နှုတ်ခမ်းတစ်စုံနှင့် ရှည်လျား မာကျောသော လက်သည်းများက တိုးဝင်လာပြန်သည်။ အဲသည် လက်သည်း ရှည်ရှည်တွေရဲ့ ကြားထဲမှာ အဆိပ်တွေ သုတ်လိမ်းမထားပါဘူးလို့ ဘယ်သူ အာမခံနိုင်မလဲ။

အတွေးကြောင့် သူမက ဝေ့ခနဲ ပျို့အန်သွားသည်။

"ကဲ... ကိုယ့်ကို မင်းသိပြီပေါ့နော်၊ ဒါဆို မင်းမသိသေးဘူးလို့ ယူဆရတဲ့... မင်းရဲထွင့်နဲ့ ကိုယ့်အကြောင်းကို ပြောပြမယ်"

"မပြောနဲ့၊ မပြောနဲ့... နားမထောင်ချင်ဘူး" ဆိုသော စကားကို စိတ်ထဲမှ ထပ်ခါတလဲလဲ အော်ဟစ်နေမိသော်လည်း အမှန်တကယ် သူမ သူမ လုပ်မိသည်က တယ်လီဖုန်းခွက်ကို တင်းကျပ်စွာ ဆုပ်ကိုင်ရင်း ဒေဝီခင် ပြောလာမည့် စကားများအား စူးစိုက် နားထောင်နေမိခြင်းပဲ ဖြစ်သည်။

"မေယမုံ… ကိုယ်ပြောမယ့် စကားတွေကို နားထောင်ဖို့ မင်းဘက်က အဆင်သင့် ဖြစ်ပြီနော်"

သေလိုက်စမ်း။

ဘယ်လောက် လူပါးဝထားတဲ့ စကားလုံးတွေလဲ။ ပစ်ချလိုက်ပါလား။ ဖုန်းကို စိစိညက်ညက် ကြေမွသွားအောင် ထုခြေပြီး ပစ်ချလိုက်ပါလား။

သူမက ဒေါသတကြီး ဖြစ်နေဆဲ။ ဒေဝီခင်က သူမဘဝကို ဇောက်ထိုးမိုးမျှော် ဖြစ်သွားစေမည့် စကားများအား ကြောက်စရာ ကောင်းလွန်းလှသော လေယူလေသိမ်းဖြင့် တစ်လုံးချင်း ပြောချသွားတော့သည်။

"သည်နေ့ မင်းနဲ့ မင်းရဲထွဋ်တို့ လက်ထပ်တော့မယ်နော်.... မင်းအနေနဲ့ မင်းရဲထွဋ်ကို ခမ်းခမ်းနားနား လက်ထပ်ပွဲကြီးနဲ့ ပိုင်ရတော့မယ်၊ အများအမြင်မှာ မင်းဟာ ကံကောင်းသူပေါ့၊ အင်း… ကံကောင်းချင်လဲ ကောင်းမှာပါ၊ ဒါပေမဲ့ မင်း… ဘယ်လိုနည်းနဲ့မှ ပထမလူ ဖြစ်လာတော့မှာ မဟုတ်ဖူး မေယမုံ၊ မင်းဟာ ဒုတိယလူပဲဖြစ်လိမ့်မယ်၊ ရိုင်းရိုင်းပြောရရင် မင်းရဲထွဋ်ရဲ့ ဒုတိယမယား အဲ… မယားငယ်ပေါ့ ဘာဖြစ်လို့လဲသိလား၊ ကိုယ်နဲ့ မင်းရဲထွဋ်နဲ့က လွန်ခဲ့တဲ့ ခြောက်လလောက် ကတည်းက တိုးတိုးတိတ်တိတ် လက်ထပ်ထားခဲ့ပြီးလို့ပဲ၊ ဩော်… နောက်တစ်ခု ကျန်သေးတယ်၊ အခု ကိုယ့်ဆီမှာ မင်းရဲထွဋ်ရဲ့ ရင်သွေးကို လွယ်ထားရပြီလေ၊ အဲဒါကြောင့် ပြောတာပေါ့ မေယမုံ၊ မင်းနဲ့ကိုယ်ဟာ မင်းရဲထွဋ်ကို ဗဟိုပြုပြီး တစ်သက်လုံး ပတ်သက်နေရမယ် မိန်းမနှစ်ယောက်ပါလို့"

ဘုရား… ဘုရား။

ဘာတွေ ဖြစ်ကုန်တာလဲ။ အခုကြားလိုက်ရတဲ့ စကားတွေဟာ ဒေဝီခင်ဆိုတဲ့ မိန်းမရဲ့ လိမ်လည်မှုတွေပါလို့ တစ်ယောက်ယောက်က အာမခံ မပေးကြတော့ဘူးလား။

"ကိုယ်ကို မယုံမကြည် မဖြစ်ပါနဲ့ မေယမုံ၊ မင်းတို့ရဲ့ လက်ထပ်ပွဲပြီးတာနဲ့ ကိုယ်နဲ့ မင်းရဲထွဋ်ရဲ့ လက်ထပ်စာချုပ်မိတ္တူကို ပို့ပေးပ့ါမယ်၊ မဖြစ်ဖြစ်အောင်ကို ပို့ပေးပ့ါမယ်၊ မင်း ကံကောင်းပါစေ"

အို... ဖုန်းချသွားပြီ။

မေယမုံက အင်အားကုန်ခန်းသွားသော လူတစ်ယောက်လို မလှုပ်ရှားနိုင်တော့ပဲ လက်ထဲမှ ဖုန်းခွက်ကို စင်ပေါ်သို့ ဖြစ်သလို ပစ်ချမိသွားသည်။

ရှက်ဖို့ ကောင်းလိုက်တာ။

ဒုတိယ မယားတဲ့... မယားငယ်တဲ့။

မိန်းမတစ်ယောက်ရဲ့ ဘဝမှာ... သည်ထက် ဆိုးဝါးတဲ့ အကြောင်းအရာတွေ ရှိနိုင်ပါဦးမလား။

နေစမ်းပါဦး... သည်အကြောင်းတွေကို ဒေဝီခင်ကရော ရှေ့တိုးနောက်ဆုတ်သာတဲ့ အချိန်အခါတွေတုန်းက မပြောခဲ့ဘဲ ဘာဖြစ်လို့များ သည်နေ့ရဲ့ သည်အချိန်ကျတော့မှ ပြောရတာလဲ။

သူမက အလန့်တကြားဖြင့် စားပွဲတင် နာရီကလေးကို လှမ်းကြည့်မိသည်။

နှစ်နာရီ၊ ငါးမိနစ်။

ဒါဆို... မင်္ဂလာအချိန်ကို ငါးမိနစ်တောင် စွန်းသွားပြီပဲ။

ခမ်းနားကြီးကျယ်သော မင်္ဂလာခန်းမ။

နှစ်ဖက် အသိုင်းအဝိုင်းနဲ့ ဂုဏ်သရေရှိ ဧည့်သည်တွေ၊ ကားတွေ၊ လူတွေ... စိန်တွေ.... ရွှေတွေ... စပ်စုတတ်တဲ့ မျက်လုံးတွေ... တီးတိုးပြောတက်တဲ့ နှုတ်ခမ်းနီ လိမ်းကျံထားတဲ့ နှုတ်ခမ်းတွေ၊ စီးကရက်ဖွာနေတဲ့ နှုတ်ခမ်းတွေ။

အား…။

မသွားဘူး၊ အဲသည်နေရာကို လုံးဝ မသွားဘူး။

ဒုတိယမယား… မယားငယ်ဆိုတဲ့ အတင်းအဖျင်း စက်ဝိုင်းကြီးထဲကို သိသိကြီးနဲ့ တိုးမဝင်ဘူး။

ဒေါသတကြီး ထရပ်လိုက်သော်လည်း သူမ၏ ခြေထောက်များက တောင့်မတ် ဆန့်တန်းမလာ။ နူတ်ခမ်းကို ပြတ်ထွက်သွားလုမတတ် ဖိကိုက်ပြီး ကြိုးစားပမ်းစား မတ်တတ် ရပ်လိုက်တော့ မှန်ထဲမှ လှောင်ပြုံးနေသော မောင်နှင့် ဒေဝီခင်ပုံရိပ်ကို ပီပြင်ထင်ရှားစွာ မြင်သည်။

"သွား"

သူမက စားပွဲတင်နာရီနှင့် မှန်ကို တအားကုန် လွှဲပေါက်ဖြစ်သွားသည်။

"ဝုန်း… ခလွမ်း"

မှန်ကွဲသံနှင့်အတူ သူမအနားသို့ အိမ်ဖော်ကောင်မလေး ရောက်လာသည်။

"ဟင်… မမ … မမမေ ဘာဖြစ်လို့လဲ၊ ချွေးတွေနဲ့၊ မိတ်ကပ်တွေလည်း ပျက်ကုန်ပြီ၊ မိတ်ကပ်ဆရာက ခန်းမကို သွားနှင့်ပြီ မမရဲ့"

ကောင်မလေး၏ ဒိုးဒိုးဒေါက်ဒေါက် စကားများကြောင့် သူမ၏ ဒေါသများက ပိုမို၍ ဖောင်းပွလာသည်။

"တိတ်စမ်း အပု၊ စကားမများနဲ့၊ မေမေနဲ့ဖေဖေကို သွားပြော၊ မမမေက မင်္ဂလာပွဲကို မသွားတော့ဘူးလို့"

"ဟင်… ဘာဖြစ်လို့လဲ"

"မရှည်နဲ့၊ ပြောဆိုသွားပြော"

ကုန်းအော်လိုက်သော သူမ၏အသံ မဆုံးခင်မှာပင် အခန်းထဲသို့ မေမေ

ရောက်လာသည်။

"ဘုရားရေ... ဘယ်... ဘယ်လိုဖြစ်တာလဲ ယမုံ၊ မှန်ကြီးလဲ ကွဲလို့၊ သမီး တစ်ကိုယ်လုံး မှာလည်း ချွေးတွေနဲ့၊ မင်္ဂလာအချိန်လဲ နောက်ကျနေပြီ၊ ဒုက္ခပါပဲ"

မေမေ့ကို ကြည့်ပြီး သူမက ကြေကွဲဆို့နင့်စွာ ရှိုက်ငိုဖြစ်သွားသည်။ သို့သော် မျက်ရည်များ ကတော့ ထွက်ကျမလာ။

"ယမုံ... ယမုံ... မင်္ဂလာပွဲကို ဖျက်လိုက်တော့မယ် မေမေ"

"ဟင်... ဘာဖြစ်လို့လဲ"

အံ့သြ အလန့်တကြား ဖြစ်သွားပုံရသော မေမေ့ကို ဘယ်နေရာကနေ စ ရှင်းပြရမည်မှန်း မသိဘဲ သူမက ဆွံ့အစွာ...။

သူမရှင်းပြမယ့် အမှန်တရားကို မေမေ့အနေနဲ့ ခံနိုင်ရည်ရော ရှိနိုင်ပါ့မလား။ အဆိုးဆုံးကတော့ သူမကိုယ်တိုင်ပင် ထိုအကြောင်းအရာကို တစ်ဆင့် ပြန်ပြောပြရန်အတွက် ခံနိုင်ရည်များ ရှိမနေခြင်းဘဲ ဖြစ်သည်၊

နောက်ဆုံးတော့ သူမက ဖုံးကွယ်မှု တစ်ခုနှင့်အတူ မေမေ့ကို တောင်းပန် ဖြစ်သွားတော့သည်။

"ဘာဖြစ်လို့လဲဆိုတော့ ယမုံမှာ ခိုင်လုံသေချာတဲ့ အကြောင်းပြချက် ရှိနေလို့ပါ မေမေ၊ ယမုံ အရမ်းကာရော လျှောက်လုပ်ပစ်တာ မဟုတ်ပါဘူး၊ ဒါပေမဲ့ အဲဒီအကြောင်းပြချက်ကို အခုချက်ချင်း မပြောပါရစေနဲ့ မေမေ၊ မေမေ၊ ယမုံကို... ယမုံကို... တစ်ယောက်တည်း ခဏလေး နေခွင့်ပေးပါ"

"ဘုရား... ဘုရား... ဘာတွေ ဖြစ်ကုန်တာလဲ၊ ဒုက္ခတော့ များပြီထင်ပါရဲ့ သမီးရယ်၊ ဆွေမျိုးတွေ၊ ဧည့်သည်တွေကို မေမေတို့ ဘယ်လိုမျက်နှာနဲ့ ရှင်းပြရတော့မှာလဲ"

"ဟင့်အင်း… မေမေ အခုဟာက ခိုင်လုံတဲ့ အကြောင်းပြချက်နဲ့ ယမုံတို့ဘက်က ဖျက်မှာလေ၊ ဒီတော့ ရှက်စရာရှိ သူတို့ဘက်က ရှက်ရမှာ၊ ယမုံတို့ဘက်က နိုင်တယ်"

"မေမေတော့ သေသာ သေချင်တော့တယ် ယမုံရယ်"

ညည်းညူရင်း မေမေထွက်သွားတော့ အပုကိုပါ မောင်းထုတ်လိုက်ပြီး သူမက အခန်းတံခါးကို သေချာစွာ ပိတ်ကာ မှန်ကွဲစများ ပြန့်ကျဲနေသည့် မှန်တင်ခုံရှေ့၌ ဝင်ထိုင်ဖြစ်သည်။

မှန်ကွဲစများထဲမှာဘော့ သတို့သမီးဝတ်စုံ ဝတ်ထားသော ချွေးအလူးလူးနှင့် သောကများနေသော မိန်းမတစ်ယောက် ရှိနေ၏။

အဲဒါ ယမုံတဲ့။

လွန်ခဲ့တဲ့ မိနစ်ပိုင်းတုန်းက အကြီးအကျယ် ရင်ခုန်ပျော်ရွှင်ခဲ့တဲ့ မိန်းမတစ်ယောက်တဲ့။

ကြည့်စမ်းပါဦးကွဲ့… မယုံနိုင်စရာ။

သူမက ငိုချပစ်ဖို့ ကြိုးစားသည်။ သို့သော် သူမ၏ ငိုကြွေးခြင်းက နှလုံးသားထဲမှာသာ ဖြစ်နေပြီး မျက်ဝန်းများကတော့ ငိုကြွေးလို့မရဘဲ ပကတိ အေးစက်စက်။ သူမ၏ မျက်ဝန်းများကို သူမကိုယ်တိုင် ကြောက်လန့်လာပြီး မျက်ဝန်းကို မှိတ်လိုက်မိသည့် အခါမှာတော့ မောင့်ပုံရိပ်က အာရုံထဲသို့ တိုးဝင်လာသည်။

ကြည့်စမ်းပါဦး၊ မောင်က အဲသည်လောက်အထိ ရက်စက်တတ်သတဲ့လား၊ ကောက်ကျစ်တတ်သတဲ့လား၊ မိုက်ရိုင်းတတ်သတဲ့လား၊ မယုံနိုင်စရာနော်။ မောင့်ပုံရိပ်ကို ကြည့်ပြီး စက်ဆုပ်လာသော သူမက မျက်ဝန်းကို ဖျတ်ခနဲ ပြန်ဖွင့်မိပြန်သည်။ အဲသည်အခါမှာတော့ မှန်ကွဲစများထဲမှ သူမ၏

မျက်ဝန်းများကို ပြန်မြင်ရပြန်၏။

နောက်ဆုံးမှာတော့ သူမ၏ ခေါင်းထဲသို့ အနိုင်အရှုံးဆိုသော အတွေးက ဝင်လာပြီး စောစောက ပြောမိသည့် ‘ယမုံတို့ဘက်က နိုင်တယ်’ ဆိုသော စကား ရုပ်လုံးပေါ်အောင် ပုံဖော်နိုင်ဖို့အတွက် အတွေးဆိုးဆိုးများက သူမ၏ သွေးလှည့်ပတ်မှုထဲသို့ စီးမျော ပျော်ဝင်သွားတော့သည်။

***

၁၉၉၃၊ နိုဝင်ဘာ ၁၅၊ တနင်္ဂနွေနေ့။

နေ့လယ် ၂ း ၀ ၅ ။

စိုးရိမ်ပူပန်မှုများနှင့် သူ့တစ်ကိုယ်လုံးက လောင်မြိုက် နှံးချည့်နေသော်လည်း ဝဋ်ဒုက္ခ ကြီးစွာပင် သူက ဧည့်သည်များ ကြားထဲ၌ ပြုံးရယ်ပြနေရသည်။

စားပွဲအားလုံး၌ ... ပြည့်သိပ်နေသော မင်္ဂလာ ပရိသတ်များ။

တီးဝိုင်းမှ သီချင်းသံများ။

သတို့သမီး ရောက်မလာသေးသည့် အတွက် တီးတိုးတီးတိုး စပ်စုနေရာမှ တဖြည်းဖြည်း ကျယ်လာသော အသံများ။

သူက မျက်နှာပေါ်မှ ချွေးစက်များကို ခဏခဏ သုတ်ရင်း ဟန်မဆောင်နိုင်တော့ဘဲ ခန်းမ အဝင်ပေါက်ဆီသို့သာ မျက်လုံးက ရောက်နေတော့သည်။

ဘာဖြစ်နေလဲ... မေယမုံတို့ ဘာတွေ ဖြစ်နေကြပြီလဲ... အခု မင်္ဂလာပွဲကရော ဘာတွေ ဆက်ဖြစ်ကုန်မှာလဲ။ လမ်းမှာများ မေယမုံတို့ တစ်ခုခု ဖြစ်နေကြပြီလား။

ဥပမာ... ကားအက်စီးဒင့် ဖြစ်တာတို့ ဘာတို့ပေါ့။

အတွေးကြောင့် သူက ပူသထက် ပူလောင်သွားသည်။

ဖုန်း ဘယ်လိုမှ ခေါ်လို့မရတာကရော ဘာသဘောလည်း၊ မေယမုံတို့အိမ်မှာ ဖုန်းကိုင်မယ့်သူ တစ်ယောက်မှ မရှိလို့လား၊ ဖုန်းပျက်နေလို့လား၊ ဒါမှ

မဟုတ် ဖုန်းလိုင်းကို ဖြတ်ထားသလား။

"ဟော့ကောင် ရဲထွဋ်၊ မင်းကတော့ ထွင်တယ်ကွာ၊ ဘယ့်နှယ် အနောက်တိုင်း ဝတ်စုံကိုချွတ်ပြီး တောင်ရှည်နဲ့ ခေါင်းပေါင်းနဲ့၊ ဟား... ဘယ်လိုပဲလုပ်လုပ်၊ တို့မင်းသားကတော့ ဟုတ်နေတာပါပဲ"

"ဒါမျိုးက တစ်ခါပဲ ဝတ်ရမှာမို့ ဝတ်ကြည့်တာပါကွာ"

တဟားဟား ပွဲကျသွားသော သူငယ်ချင်းများကို ကြည့်ပြီး သူကပါ ဝင်ရယ်မောမိသည်။ ဒါပေမဲ့ သူ ရယ်သံကတော့ အသက်ကင်းမဲ့လွန်းစွာ။

"ဘယ်လိုလဲ... တစ်ယောက်တည်း လိုက်နှုတ်ဆက်နေရသလား၊ သတို့သမီးရော မမြင်မိပါလား"

"လာပါလိမ့်မယ်၊ ခေါင်းမူးလို့ နောက်ကျသွားတာ ခဏလေးနော်"

သူက ဘယ်လိုတွေ ပြန်ပြောရမည်မှန်း မသိပဲ အဆီအငေါ် မတည့်သော အကြောင်းပြချက် တစ်ခုတည်းကိုသာ ထပ်ခါထပ်ခါ ပြောနေမိသည်။

လေးလေးရော၊ ဘယ်ရောက်နေလဲ။

ယမုံတို့ အိမ်ကိုလိုက်သွားတဲ့ မောင်ထူးကရော ဘာဖြစ်လို့ ပြန်ရောက်မလာသေးတာလဲ။ ဘယ်နေရာမှာများ သွားသေနေပြီလဲ။

ခပ်ရမ်းရမ်း အတွေးများနှင့် သူက တရားခံကို ရှာနေမိသည်။

စိတ်ရှုပ်မှုများ... စိုးရိမ်မှုများ... သောကများနှင့် အခြား ခံစားမှုမျိုးစုံတို့ကြောင့် ခေါင်းပေါင်းအောက်ရှိ သူ့ခေါင်းနှင့် ဆံပင်များက အချိုးမကျဘဲ ယားကျိကျိ၊ သက်သောင့်သက်သာ မရှိမှုကြောင့် သူ ကျောပြင်တွင် ချွေးများ စိုပျစ်နေမည်မှာ သေချာပြီး၊ အဲသည် ချွေးကိုလည်း ဧည့်သည်တွေအား မြင်နေရမှာ သေချာသည်။

ကုလားထိုင်၌ ထိုင်နေကြသော လူတွေအားလုံး၏ ကြားထဲတွင်

မတ်တတ်ရပ်နေရသော ထီးထီးမားမား၊ အားလုံးနီးပါး၏ မျက်ဝန်းပစ်မှတ်က သူ့ဆီမှာ၊ နှုတ်ဆက်နေရသော ဧည့်သည်များကို လျှော့တိလျှော့ရဲနိုင်သော လက်ဆွဲ နှုတ်ဆက်ခြင်းဖြင့် သူက ဟန်မပျက် တုံ့ပြန်နေရင်း မျက်လုံးများကို မင်္ဂလာစင်မြင့်ဆီသို့ မကြည့်မိအောင် အပြင်းအထန် သတိထားထိန်းချုပ်နေရပြန်သည်။

ဘုရားရေ… တကယ်လို့များ သည်မင်္ဂလာပွဲကြီးသာ တစ်ခုခု ချွတ်ချော်တိမ်းစောင်း သွားခဲ့မယ်ဆိုရင်…။

အတွေးကြောင့် သူ့ခန္ဓာကိုယ် တစ်ခုလုံးက ချမ်းစိမ့်စိမ့် တုန်ခိုက်သွားပြီး ထိုအတွေးကို တွေးမိသည့်အတွက် သူ့ကိုယ်သူလည်း အကြီးအကျယ် စိတ်ဆိုးသွားတော့သည်။

အိုး… မင်္ဂလာပွဲကြီးက ဘာဖြစ်လို့ ချွတ်ချော်တိမ်းစောင်း သွားရမှာလဲ။ ဘာဖြစ်လို့ ပျက်စီး ဆုံးရှုံးသွားရမှာလဲ။ တကယ်ဆို ယမုံနဲ့သူက မိဘပေးစားလို့ လက်ထပ်ရမယ့် သူတွေမှမဟုတ်တာ။ နှစ်ဦးသဘောတူ ရွေးချယ် လက်ထပ်မယ့် ချစ်သူတွေပဲဟာ။ ပြီးတော့ ရုပ်ရှင်တွေ ဝတ္ထုတွေထဲကလို လက်ထပ်ပွဲနေ့မှာ ယောကျ်ားနောက် လိုက်ပြေးသွားရ အောင်လည်း ယမုံမှာ သူ့အပြင် နောက်ထပ် ချစ်သူမရှိဘူး။ အဲဒါ အရမ်းကို သေချာတယ်။

နေဦး… သူ့အပေါ်မှာ မကျေနပ်ချက် တစ်ခုခုကြောင့်များ…။

ထိုအတွေးကိုလည်း သူက ပယ်ဖျက် ပစ်လိုက်ပြန်သည်။

သိပ်ကိုသေချာတယ်၊ မကျေနပ်ချက် တစ်ခုခုကြောင့် မင်္ဂလာပွဲကို အနှောင့်အယှက် ဖြစ်ရအောင်… မေယမုံဆိုတဲ့ မိန်းမဟာ ကလေးမဆန်ဘူး၊ အပြောင်းအလဲ မမြန်ဘူး။ ပြီးတော့ ဆိုးဆိုးဝါးဝါးတစ်ခုခု လုပ်ချပစ်ယူရ လောက်အောင် မင်းရဲထွဋ်နဲ့ မေယမုံဟာ သူစိမ်းတစ်ရံဆံတွေမှ

မဟုတ်တာ။

အရမ်းချစ်ကြတဲ့ ချစ်သူတွေ၊ သုံးနှစ်နီးပါး နားလည်မှုတွေ သံယောဇဉ်တွေနဲ့ ချည်နှောင်လာခဲ့တဲ့ ချစ်သူတွေပဲ။

"ဟော့ကောင်ကြီး ငါတို့သည်မှာကွ"

"လာပါဦး... ဖိုးကံကောင်းကြီးရဲ့"

ကျောင်းနေဘက် သူငယ်ချင်းများ၏ နှုတ်ဆက်မှုကြောင့် သူက စားပွဲတချို့ကို ရှောင်ကွင်းပြီး ခန်းမ၏ ထောင့်ဘက်ကိုသွားကာ ပြန်နှုတ်ဆက်ရသည်။ သူငယ်ချင်းများ၏ ဂုဏ်ပြုသည့်စကား၊ ဂုဏ်ယူသည့် စကားများအား သူက မယစ်မူးနိုင်ဘဲ ပူပန်ခြင်းများနှင့် အလူးအလဲ...။

အဝင်ပေါက်ဘက်ကို လှမ်းကြည့်တော့ သူ့ကို လှမ်းကြည့်နေသော လေးလေးနှင့် မျက်ဝန်းဖြင့် ဆုံသည်။

လေးလေးရဲ့ မျက်မှန်အောက်က ... မျက်လုံးတွေထဲမှာ ဘယ်လို အရိပ်အယောင်မျိုးတွေ၊ ဘယ်လို စကားလုံးမျိုးတွေ ရှိနေမလဲ...။

လေးလေးမျက်လုံးများ၏ ဘာသာဗေဒကို အသေအလဲ ဖတ်ကြည့်ချင်နေမိ သော်လည်း လေးလေးရှိရာဆီသို့ ရောက်အောင်သွားဖို့ သူအတွက် အခွင့်အရေးက မသာ။

နောက်ဆုံး အသက်မဲ့သော အပြုံးများ... လှုပ်ရှားမှုများ စကားလုံးများနှင့် လုံးထွေးရစ်ပတ် နေသောသူက လတ်တလော ကြုံတွေ့နေရသည့် ဘာမှန်းမသိသော လွဲချော်မှုအပေါ် တစ်ခုခု တုံ့ပြန်ဖို့ စဉ်းစားမိသွားသည်။

ကဲ... မေယမုံအိမ်ကို သူကိုယ်တိုင် လိုက်သွားရရင် မကောင်းဘူးလား။

မမြင်ရသော အခြေအနေတစ်ခုကို တွေးတောကြည့်နေတာထက် ပြေးလွှားပြီး ရင်ဆိုင်ပစ်လိုက်ရတာက ပိုပြီး သက်သာရာ မရနိုင်ဘူးလား။

အတွေးနှင့်အတူ နူတ်ဆက်ရင်း စကားတွေ ဖောင်နေသော သူငယ်ချင်းများကို စကားစဖြတ်ပြီး ခန်းမအပြင်သို့ ထွက်နိုင်ရန် အားထုတ်နေဆဲ မျက်ဝန်းထောင့်ထဲသို့ အိမ်မှကားက တဖြည်းဖြည်းချင်း ဘီးလိမ့်၍ ဝင်လာသည်။ ကြည့်စမ်း... ထင်ထားတဲ့အတိုင်း ယမုံတို့က တစ်ခုခုဖြစ်နေလို့ အိမ်ကကားနဲ့ မောင်ထူး ကြိုလာတာပဲ ဖြစ်မှာပေါ့။

ဟူး... တော်ပါသေးရဲ့။

သက်ပြင်းချရင်း သူက ခန်းမထိပ်ဘက်ရှိ နံရံကပ်နာရီကြီးကို လှည့်ကြည့်မိသည်။

နှစ်နာရီ ဆယ် ငါးမိနစ်။

ဒါဆို မင်္ဂလာပွဲက ဆယ့်ငါးမိနစ် နောက်ကျသွားပြီပေါ့။ အိုး ကိစ္စမရှိပါဘူး။ အခမ်းအနား စတော့မှပဲ၊ နောက်ကျသွားရတဲ့ အဖြစ်ကို အခမ်းအနားမှူးကနေ တစ်ဆင့် တောင်းပန်ခိုင်းတော့မယ်။

ဆီးရောင်မှန်များ အကုန်တပ်ထားသော ကားကလေး ခန်းမရှေ့၌ ရပ်သွားတော့ မင်္ဂလာပရိသတ်ထဲမှ အသံတချို့ ထွက်လာပြီး စကားသံများ အားလုံး တိတ်ဆိတ်သွားသည်။

"ရှူး... သတို့သမီးလာပြီ"

"ဆယ့်ငါးမိနစ်တောင် နောက်ကျတယ်နော်"

"ကိစ္စတစ်ခုခုကြောင့် နေမှာပေါ့"

သူနှင့်အတူ အားလုံး၏ လည်တိုင်များကို စောင်းငဲ့၍ ကားဆီသို့ စိတ်ဝင်တစား ကြည့်နေဆဲ ကားမောင်းသူနေရာဘက်မှ တံခါးတစ်ချပ် ပွင့်လာပြီး မောင်ထူးက ... အရင်ဆုံး ဆင်းလာသည်။

နောက်ခန်း၏ တံခါးကို မောင်ထူး သွားဖွင့်ပေးနေခြင်းအား ကြိုတင် မြင်

မိနေတုန်းမှာပင် မောင်ထူးက နောက်ထပ် ကားတံခါးများကို ဖွင့်ပေးမနေ တော့ပဲ ခန်းမ၏ ဝင်ပေါက်ရှိရာသို့ တည့်မတ်စွာ ဝင်လာတော့သည်။

ဘုရားရေ.... မောင်ထူးနဲ့အတူ ဘယ်သူတွေမှ ပါလာခြင်း မရှိဘူးလား၊ နောက်ထပ်တစ်ခါ ဘာတွေများ လွဲချော်လာပြန်ပြီလဲ။

သတို့သမီးကို မျှော်လင့်နေသော မျက်ဝန်းများက မောင်ထူးနောက်သို့ ကပ်ပါလာပြီး မောင်ထူးကတော့ လေးလေးရပ်နေရာသို့ ခေါင်းငုံ့ပြီး တိုး ကပ်သွားသည်။

လေးလေးနှင့် စကားပြောပြီး ခန်းမထဲသို့ လှမ်းကြည့်ကာ သူ့ကို ရှာဖွေ သော မောင်ထူး၏ မျက်လုံးများနှင့် တန်းမတ်စွာ တွေ့ဆုံလိုက်ရသည့် အချိန်၌ သူက ဘယ်လိုမှ ဟန်မဆောင်နိုင်တော့ဘဲ မောင်ထူးကို လာရန် လက်ယပ် လှမ်းခေါ်မိသွားသည်။

လေးလေးမျက်နှာကို တစ်ချက်လှည့်ကြည့်၍ ဆန္ဒတောင်းခံနေပုံရသော မောင်ထူးကို စိတ်မရှည်နိုင်အောင် ဖြစ်နေဆဲ မိန်းလမ်းမ၌ ခင်းထားသော ကော်ဇောများကို ဖြတ်နင်းရဲပုံ မပေါ်သော မောင်ထူးက စားပွဲများကို ကွေ့ ပတ်ပြီး သူ့အနားသို့ တရွေ့ရွေ့တိုးကပ်လာသည်။

တောက်။

အမြဲတမ်း သွက်လက် ဖျတ်လတ်ပြီး ယုံကြည် စိတ်ချရလောက်အောင် အကင်းပါးတဲ့ မောင်ထူးက အခုမှ ဘာဖြစ်လို့ ထုံထိုင်း လေးလံနေရတာလဲ။ အမြဲတမ်း ပြုံးနေတတ်တဲ့ မောင်ထူးရဲ့ မျက်နှာကရော မင်္ဂလာချိန်၊ မင်္ဂလာ နေရာနဲ့ ဆန့်ကျင်ဘက် ဖြစ်လောက်အောင် ... ဘာဖြစ်လို့များ ညှိုးရော် ဖျော့တော့ နေရတာလဲ။

အား... မြန်မြန်လာစမ်းပါ။ ဘာတွေ ဖြစ်နေတယ်ဆိုတာ ငါ့ကိုလာပြီး မ

ကွယ်မဝှက်ဘဲ ပြောပြစမ်းပါ။

သူ့စိတ်ထဲမှ အော်ဟစ် ပြောဆိုနေသည့် စကားများကို မကြားရသည့် အတွက်ကြောင့် မောင်ထူးကတော့ စိတ်ပျက်လက်ပျက်ချင်စရာ ကောင်းလောက်အောင် နွေးကွေးသော လှုပ်ရှားမှုမျိုးဖြင့် သူအနားသို့ တရွေ့ရွေ့သာ တိုးကပ်လာသည်။

စိတ်မြန်လက်မြန်ဖြင့် မောင်ထူးအနားသို့ အပြေးအလွှား သွားလိုသော်လည်း အခြေအနေမပေးသည့် အဖြစ်ကို ဒေါသထွက်နေမိဆဲ သူ့အနားသို့ မောင်ထူး ရောက်လာသည်။

"ဟေ့ကောင်... မေယမုံတို့ရော"

စိတ်လှုပ်ရှားမှုကို ထိန်းချုပ်၍ ခပ်တိုးတိုး မေးလိုက်သော မေးခွန်းကို မောင်ထူးကလည်း တိုးတိုးကလေးပဲ ပြန်ဖြေသည်။

"အိမ်မှာပါ ဆရာ"

"ဘာ အိမ်မှာ၊ ဟုတ်လား၊ ဘာတွေ လုပ်နေကြလဲ၊ ဘာတွေ ဖြစ်နေကြလဲ"

သွားကြားထဲမှ ထွက်လာသော အသံဖြင့် မေးနေသော သူ့မေးခွန်းကြောင့် မောင်ထူးက အလန့်တကြား မော့ကြည့်သည်။ အဲသည်မှာတင် ပါးနပ်လျင်မြန်သောသူက မောင်ထူး၏ မျက်ဝန်းထဲ ရှိနေသော တစ်စုံတစ်ရာကို အသေအချာ သတိထားမိသွားတော့သည်။

"မောင်ထူး"

မောင်ထူးက သူခေါ်တာကို ခေါင်းမော်မကြည့်ဘဲ အသံ တုန်တုန်ကလေးဖြင့် သူ မမေးရသေးသော မေးခွန်းကို ချည့်ချည့်နဲ့နဲ့နှင့် ဖြေသည်။

"မမမေက မှာလိုက်တယ် ဆရာ၊ ခဏနေရင် လာခဲ့မှာပါတဲ့"

မောင်ထူး စကား၌ ယောင်ဝါးဝါး ဖြစ်နေဆဲ။ ခန်းမရှေ့သို့ မေယမုံတို့အိမ်

မှ ကားကလေးက ခပ်ငြိမ့်ငြိမ့် ထိုးရပ်သည်။

ထိုအခါ သူက အရာရာကို မေ့လျော့သွားပြီး ရင်ခုန်ခြင်း၌ နစ်မျောသွားကာ ကားပေါ်မှ ဆင်းလာမည့် မေယမုံ ခြေထောက် လှလှကလေးကိုသာ စောင့်ကြည့်နေဖြစ် သွားတော့သည်။

***

၁၉၉၃၊ နိုဝင်ဘာ ၁၅၊ တနင်္ဂနွေနေ့။

နေ့လယ် ၂း ၂၀၊

ဝိုးတဝါး ဖြစ်နေသော ဆုံးဖြတ်ချက်များကို ပီပြင် ပြတ်သားအောင် ကြိုးစားအားထုတ် အပြီး၌ သူမက အပြင်းအထန် ဖိကိုက်ထားသော အောက်နှုတ်ခမ်းပေါ်မှ သွားများကို ဖြည်းဖြည်းချင်း ဖယ်ထုတ်ပစ်လိုက်သည်။

လောကမှာ လူတစ်ယောက်နဲ့ တစ်ယောက် (အထူးသဖြင့် ချစ်သူ တစ်ယောက်နဲ့ တစ်ယောက်) ဘယ်အတိုင်းအတာအထိ စေတနာ ထားရမလဲ၊ မေတ္တာ ထားရမလဲ၊ သစ္စာထားရမလဲ၊ ရှင်းရှင်းလေးပဲ ... တစ်ဖက်က စေတနာတွေ၊ မေတ္တာတွေ၊ သစ္စာထားနေသမျှ ကာလပတ်လုံး တစ်ဖက်ကလည်း အပြန်အလှန် ထားရမှာပေါ့။

ဒါဆို မင်းရဲထွဋ်ရဲ့ ရက်စက်မှု၊ မရိုးသားမှု၊ ကောက်ကျစ်စဉ်းလဲမှု အပေါ်မှာ ညီမျှတဲ့ တုံ့ပြန်မှုမျိုးတွေ မေယမုံက ပြန်ပေးရလိမ့်မယ်။ သူမလောလောလတ်လတ် ခံစားနေရတဲ့ သောကတွေ၊ ဒေါသတွေ၊ ကြေကွဲမှုတွေထက် မလျော့ဘဲ ခံစားမှု အပြင်းစားတွေ မင်းရဲထွဋ်ရဲ့ ရင်ထဲကို ရောက်သွားအောင် ပို့ပေးရလိမ့်မယ်။

သိပ်ကို သေချာတယ်။ အဲသည်လို တုံ့ပြန်မှုတွေ ဘာတစ်ခုမှ ပြန်ပေးဖို့ ဖြစ်မလာခဲ့ဘူး ဆိုရင် မင်းရဲထွဋ်အပေါ် တာဝန် မကျေလိုက်ရဘူး ဆိုတဲ့ စိတ်နဲ့ မေယမုံ သေသွားရလိမ့်မယ်၊ သည်တော့...

သူမက နာရီကလေးကို လှမ်းကြည့်ပြီး လှလှပပလေး ပြုံးပြလိုက်သည်။

သို့သော် သူမ၏ အပြုံးများကတော့ နည်းနည်းကလေးမှ လှပမနေမှာ သေချာသည်။

ကဲ... အခုအချိန်ဆို မင်္ဂလာ ခန်းမထဲမှာ ဧည့်သည်တွေ ပြည့်နေလောက်ပြီ ပေ့ါ။ နောက်ပြီးတော့ သတို့သား အပါအဝင် ဧည့်သည်တွေ အားလုံးဟာ လည်း သတို့သမီးဆိုတဲ့ ယမုံကို အကြီးအကျယ် မျှော်လင့်စောင့်စား နေ လောက်ပြီပေ့ါ၊ အဆိုးမြင်တတ်တဲ့ ဧည့်ပရိသတ် အချို့ကလည်း သတို့သား နဲ့ သတို့သမီးအကြောင်း အပနာမတွေ ပြောဆိုနေပြီး ထင်မြင်ချက်နဲ့ အော်ဟစ်နေမယ့် သတင်းတွေ ဆူညံနေလောက်ပြီပေ့ါ။

ဘုရားရေ... အခုအချိန်မှာ မင်းရဲထွဋ်ရဲ့မျက်နှာ ဘယ်လိုဖြစ်နေမလဲ၊ မိန်းကလေး အတော်များများ နှစ်သက်သဘောကျပြီး ကျဆုံးတတ်တဲ့ သူ့ရဲ့ မူပိုင်အပြုံးတွေကိုမှ ပြုံးနိုင်ပါသေးရဲ့လား။

အတွေးကြောင့် သူမက အသက်ရှူခြင်းများ မြန်ဆန်လာပြီး မင်းရဲထွဋ်၏ မျက်နှာချောချောအား သွေးအလိမ်းလိမ်း ဖြစ်သွားအောင် ကုတ်ဖဲ့ပစ်ချင်သော စိတ်များက တားမရဆီးမနိုင်အောင် ဖြစ်ပေါ်လာတော့သည်။

ကြည့်စမ်း... မင်းရဲထွဋ် လုပ်ထားတဲ့ ပြစ်မှုဟာ ခွင့်လွှတ်ချင်စရာ ကောင်း တဲ့ ခွင့်လွှတ်နိုင် လောက်အောင် သေးကွေးတဲ့ ပြစ်မှုမှ မဟုတ်တာဘဲ။ သည် တော့ အဲသည်ပြစ်မှုနဲ့ ထိုက်တန်တဲ့ ပြစ်ဒဏ်ကို မေယမုံဘက်က မလွဲမသွေ ကို ပေးအပ်ရလိမ့်မယ်။ ဒေါသဖြင့် ရုတ်တရက် ထရပ်လိုက်ဆဲ အလောတကြီး ခေါက်လိုက်သော တံခါးခေါက်သံကပါ သူမဆီသို့ ပြေးဝင် လာသည်။

"ဘယ်သူလဲ"

အနည်းငယ် မာဆတ်သွားသော အသံကို ပြန်ပြင်ဖို့အချိန် မရတော့။ သည့်အတွက် သူမက စိတ်မကောင်း ဖြစ်သွားသည်။ တကယ်ဆို အိမ်သား

တွေနဲ့ သူမ ခံစားနေရတဲ့ အိပ်မက်ဆိုးကြီးနဲ့က ဘာဆိုင်လို့လဲ။ သူမအနေနဲ့ ဒေါသထွက်ချင်းထွက်ရင် မင်းရဲထွဋ်ကိုပဲ ထွက်ရမှာ။

"ယမုံ သမီး မေမေပါ၊ အပြင်မှာ ရှေ့နေ ရောက်နေပြီ"

မေမေ့စကားကြောင့် သူမ ခန္ဓာကိုယ်က ဆတ်ခနဲ မတ်သွားသည်။

"ယမုံ ကြားလား၊ တံခါးဖွင့်စမ်း"

"ခဏ... ခဏလေး မေမေ"

မေမေ့ကို လှမ်းပြောပြီး သူမက စာရေးစားပွဲတွင် ဝင်ထိုင်ကာ နာကြည်းစွာ စီစဉ်ထားသော စကားလုံးများအား စာလုံးများ အဖြစ်သို့ ပြောင်းလဲရေးချကာ စာရွက်၏ အောက်ခြေ၌ မေယမုံဆိုသော ဆိုင်းလှလှကလေးကို သေသပ်စွာ ထိုးဖြစ်သွားသည်။

အံ့သြစရာ ကောင်းလောက်အောင် တနင့်တပိုး စီးဝင်လာသော ကိုယ့်ကိုယ်ကိုယ်ယုံကြည် စိတ်ချစိတ်များဖြင့် သွေးလှည့်ပတ်မှုများ ပူနွေးလာသည့် အချိန်၌ သူမက မေမေ့ကို ရင်ဆိုင်ဖို့ အခန်းတံခါးကို ဖွင့်ဖြစ်သွားတော့သည်။

တံခါး ဖွင့်လိုက်သည်နှင့် ပထမဦးဆုံး မြင်လိုက်ရတာက ခံစားမှုပေါင်းစုံဖြင့် ညှိုးရော်နေသော မေမေ့မျက်နှာ။

"သမီး ခေါ်ခိုင်းလို့ မေမေ ရှေ့နေခေါ်ပြီးပြီ ယမုံ၊ အခု ဘာဆက်လုပ်မလဲ၊ ပြီးတော့ ခြံထဲမှာ မောင်ရဲကားနဲ့ ဒရိုင်ဘာ ရောက်နေတယ်၊ အဲဒါကိုရော ဘယ်လို ပြောမလဲ"

မောင့်ကားနဲ့ ဒရိုင်ဘာ ရောက်နေတယ်တဲ့။

ထိတ်ခနဲ ရင်ခုန်သွားသည့်အတွက် သူမကို သူမ နာနာကြည်းကြည်း ကျိန်ဆဲပစ်လိုက်မိသည်။

သေစမ်း... ဒါဟာ ရင်ခုန်စရာလား။

ခေါင်းခါယမ်းလိုက်တော့ မေမေက နဖူးကို စမ်းရင်း ကြင်ကြင်နာနာ မေးသည်။

"နေကောင်းရဲ့လား ယမုံ၊ ပြီးတော့ ဘာတွေ ဖြစ်နေတယ်၊ ဘာတွေ လုပ်တော့မယ် ဆိုတာကိုရော ဖေဖေနဲ့မေမေကို အသိပေးဖို့ အစီအစဉ် မရှိသေးဘူးလား"

"ခဏလေးပါ မေမေ၊ ယမုံ အားလုံးကို ပြောပြမှာပါ၊ လောလောဆယ် မင်းရဲထွဋ်ရဲ့ ဒရိုင်ဘာကို မေမေပဲ ပြောပေးပါနော်၊ ခဏနေရင် လာခဲ့မှာပါလို့၊ ပြီးတော့ ဟောဒီစာကိုလည်း ရွှေနေကြီးကို ပေးပေးပါ၊ မင်္ဂလာခန်းမရဲ့ စတိတ်ပေါ်ကနေပြီး စာထဲမှာပါတဲ့အတိုင်း ကြေညာပေးပါလို့

"မေယမုံ"

"ကျေးဇူးတင်ပါတယ် မေမေရယ်၊ တစ်ဆိတ် ယမုံကို အဲဒါလေး နှစ်ခု ဆောင်ရွက်ပေးပါနော်၊ နောက်တော့ အားလုံးကို ယမုံ ပြောပြပါ့မယ်၊ လောလောဆယ် ယမုံ တစ်ယောက်တည်း နေပါရစေ"

မေမေ့ နဖူးကို ဖွဖွနမ်းပြီး တောင်းပန်လိုက်တော့ သက်ပြင်းချ၍ မေမေက တဖျစ်တောက်တောက် ညည်းညူကာ သူမ အနားမှ ထွက်ခွာသွားသည်။

သူမကတော့ လောလောဆယ် လုပ်ချလိုက်ပြီးသည့် ကိစ္စအပေါ် မှားသည် မှန်သည် ဝေခွဲနိုင်ခြင်း မရှိသေးဘဲ ဦးနှောက်တစ်ခုလုံး ဆူဝေစွာဖြင့် အခန်းတံခါးကို ပြန်ပိတ်ဖြစ်သည်။

သူမလွှတ်လိုက်တဲ့ ရွှေနေ မင်္ဂလာခန်းမကို ရောက်သွားတဲ့ အချိန်မှာ ဘာတွေ ဖြစ်လာနိုင်သလဲ။

အတွေးနှင့်အတူ သူမ၏ အာရုံထဲသို့ ဖြတ်ထင်စွာ တိုးဝင်လာသည်က

ရုပ်ပျက်ဆင်းပျက် အရှက်ရနေမည့် မင်းရဲထွဋ်၏ မျက်နှာ၊ ထိုခဏ၌ သူမက ဝမ်းနည်းကြေကွဲသွားပြီး လုပ်ချလိုက်မိသော အတွက်ပါ ဇဝေဇဝါ ဖြစ်ချင်သွားပြန်သည်။

အခု ကိစ္စကို အခုလို ကိုင်တွယ်လိုက်တာဟာ နည်းမှန်လမ်းမှန် တစ်ခုမှ ဟုတ်ပါရဲ့လား။ ချစ်သူတစ်ယောက်၊ သံယောဇဉ်ရှိခဲ့သူ သစ်ယောက်အနေနဲ့ အခုလုပ်ရပ်ဟာ တစ်ဆိတ် ပြင်းထန်လွန်း မနေဘူးလား။ မောင့်အတွက် တစ်စုံတစ်ရာ နာကျင်မှုတွေ ပေးမနေဘဲ ဖြေရှင်းလိုက်မယ် ဆိုရင်ရော။

အို… မဟုတ်သေးပါဘူး။

မင်းရဲထွဋ်ကို မနာကျင်ရအောင် မထိခိုက်ရအောင် အကာအကွယ်ပေးပြီးတော့ အဲသည် နာကျင်မှုတွေ အားလုံးကို အပြစ်မဲ့တဲ့ မေယမုံ တစ်ယောက်တည်းပဲ ခါးစည်းခံလိုက်ရမှာတဲ့လား။ မဖြစ်နိုင်လိုက်တာ၊ အပြစ်ကို လုပ်ခဲ့တာဟာ မင်းရဲထွဋ် ဖြစ်တဲ့အတွက် ပြစ်ဒဏ်ကိုလည်း မင်းရဲထွဋ် ကိုယ်တိုင်ပဲ ခံစားရမှာပေ့ါ။

ဒါဟာ တရားမျှတတဲ့ ဥပဒေသတစ်ခုပဲ။ သည်အတွက် ဘယ်လိုနည်းနဲ့မျိုးမှ မေယမုံက အပြစ်ရှိတဲ့ လူတစ်ယောက်လို ခံစားပေးနေစရာ မလိုဘူး၊ လုံးဝကို မလိုဘူး။

အတွေးကြောင့် စိတ်လှုပ်ရှားလာသော သူမက မှန်တင်ခုံပေါ်တွင် တင်ထားသော သစ်ခွပန်းစည်းအား စိစိညက်ညက် ကြေမွသွားအောင် ဒေါသတကြီး ခြေမွပစ်နေသည်။

မနက်ပိုင်းတုန်းက မောင်ကိုယ်တိုင် လာပို့သွားခဲ့သော ပန်းစည်းကလေးက မင်္ဂလာ ခန်းမထဲသို့ မရောက်ရတော့ဘဲ သူမ၏ လက်ချောင်းများထဲ၌ အစိတ်စိတ်အလွှာလွှာ လက်ထဲ၌ တင်းကျပ်စွာ ဆုပ်ကိုင်ထားသော ပန်းပွင့်အဖတ်များကို ပြတင်းပေါက် ရှိရာသို့ တအားကုန် လွှင့်ပစ်ရင်း ပန်းလာပို့

တုန်းက ပြုံးရွှင်ခန့်ညားနေသော မောင့်မျက်နှာအား ပြန်မြင်ယောင်မိပြန်သည်။

ဘုရားရေ... အဲသည် အချိန်းကတည်းကသာ ကြောက်စရာ ကောင်းလွန်းလှတဲ့ အမှန်တရားတစ်ခု ဖုံးလွှမ်းဟန်ဆောင်မှု တစ်ခုကို သိနှင့်နေပြီးသား ဖြစ်နေခဲ့မယ်ဆိုရင် ဘယ်လောက် ကောင်းထားမလဲနော်။

သူမက ပန်းပွင့်များ တစ်ပွင့်မှ မရှိတော့သည့် အရိုးပြိုင်းပြိုင်း ဖြစ်နေသော ပန်းစည်းကလေးကို စက်ဆုပ်ရွံရှာစွာ အခန်းထောင့်သို့ လွှင့်ပစ်လိုက်ပြီး မိနစ်ပိုင်းအတွင်း ပြိုကွဲသွားရသော သူမရင်ထဲမှ မျှော်လင့်ချက်များအတွက် နှမြောတသလွန်းစွာ၊ ယူကျုံးမရလွန်းစွာဖြင့် ... အသံတိတ် ငိုကြွေးနေမိသည်။

မိန်းမတစ်ယောက်ရဲ့ ချစ်တတ်ခြင်း... ခွင့်လွှတ်တတ်ခြင်း ရိုးသားစွာယုံကြည်တတ်ခြင်းတွေရဲ့ အပေါ်မှာ ယောကျ်ားတစ်ယောက်က ယုတ်မာစွာ အမြတ်ထုတ်ဖို့ အကွက်ကျကျ စီစဉ်ထားတာဟာ ဘယ်လောက်များ ကြောက်စရာ ကောင်းထားပါသလဲ။

ဒါဆို လုပ်ပြီးလာခဲ့သမျှ မေယမုံရဲ့ လုပ်ရပ်တွေ အားလုံးဟာ အမှန်တရားတွေချည်းပဲ။ အဲဒါ သေချာတယ်။

သူမက လည်တိုင်တစ်လျှောက်၌ အသက်ရှူကျပ်ရလောက်အောင် ဝတ်ဆင်ထားရသော ကျောက်ရောင်စုံ ကြိုးများအား လက်ချောင်းများနှင့် တို့ထိ ပွတ်သပ်ရင်း၊ အိပ်မက်မက်ရင်း ရယ်မောနေသော လူတစ်ယောက်၏ ရယ်သံမျိုးဖြင့် ရယ်မောနေမိသည်။

ရှုံးသွပ်သွားပြီလား။ မေယမုံဆိုတဲ့ မိန်းမဟာ မင်းရဲထွဋ်ဆိုတဲ့ ယောကျ်ားတစ်ယောက်ကြောင့် ရှုံးသွပ်သွားပြီတဲ့လား။

ဟင့်အင်း... ဘယ်လိုနည်းနဲ့မှ မေယမုံ မရှုံးဘူး။ ရှုံးချင်းရှုံးရင် မင်းရဲထွဋ်ပဲ ရှုံးရလိမ့်မယ်။

ဘာအကြောင်းနဲ့မှ မေယမုံ မရှုံးစေရဘူး။ ရှုံးစရာရှိရင် မင်းရဲထွဋ်ပဲ ရှုံးနိမ့်စေရမယ်။

အတွေးနှင့် အသက်ရှူ မြန်ဆန်လာသော သူမက မှန်တင်ခုံပေါ်ရှိ အလှပြင် ပစ္စည်းများအား ဝုန်းခနဲ တွန်းလှဲချပစ်မိသည်။ နားထဲ၌ အဆက်မပြတ် ကြားနေရတာက လှိုင်းပုတ်သံများ၊ လေတိုးသံများ၊ မိုးကြိုးပစ်ချသံများ ဖြစ်နေပြီး၊ ဆိုးလွန်းတာကတော့ ထိုအသံများနှင့် ရောနှောကာ ဒေဝီခင်၏ ရယ်မောသံက သူမကို နှိပ်စက်နေခြင်းပင် ဖြစ်သည်။

စိတ်လှုပ်ရှားလွန်းစွာ မှန်တင်ခုံ အံဆွဲတစ်ခုကို ဆွဲဖွင့်လိုက်တော့ ပန်းနုရောင် မင်္ဂလာဆောင် ဖိတ်စာကလေး တစ်စောင်က သူမ၏ ပေါင်ပေါ်သို့ ရုတ်ခနဲ ခုန်ချလာသည်။

အဆိပ်ရှိသည့် သတ္တဝါ တစ်ကောင်ကို ကိုင်တွယ်ရသလို သတိကြီးစွာဖြင့် ဖိတ်စာကလေးကို ကောက်ကိုင်လိုက်သော သူမ၏ လက်ချောင်းများက ရှက်စရာ ကောင်းလောက်အောင် တဆတ်ဆတ် တုန်ယင်လျက် ဖိတ်စာပေါ်ရှိ ငွေမင်ရောင် စာလုံးလှလှများကို စူးစိုက်ကြည့်မိတော့ ဖိတ်စာပေါ်မှ နာမည်များက မင်းရဲထွဋ်နှင့် မေယမုံ ဖြစ်သွားလိုက်၊ မင်းရဲထွဋ်နှင့် ဒေဝီခင် ဖြစ်သွားလိုက်နှင့် အာရုံထဲ၌ အလွဲလွဲအချော်ချော်။

အိုး... သွားစမ်း၊ မုန်းစရာ ကောင်းလိုက်တာ။

ဒေါသတကြီးဖြင့် မုန်းတီးစက်ဆုပ်စွာ ဖိတ်စာကလေးကို အခန်းထောင့်ဆီသို့ ဝုန်းခနဲ လွှင့်ပစ်လိုက်တော့ ဒေါသဖြစ်နေသော သူမ၏ လက်ချောင်းများနှင့် တိုက်မိပြီး မှန်တင်ခုံ အံဆွဲကလေးက ကြမ်းပြင်ပေါ်သို့ လွင့်ကျသွား

ပြီး အထဲမှ ပစ္စည်းများကပါ ပြန့်ကျဲ ထွက်ကုန်တော့သည်။

အဲသည်မှာတင် မှန်တင်ခုံထဲမှ လွင့်ထွက် ကျနေသော ပစ္စည်းများကို ငုံ့ကြည့်ရင်း သူမ၏ ခေါင်းထဲသို့ အတွေးဆိုးဆိုး... အကြံဆိုးဆိုးများက ခုန်ပေါက်၍ ဝင်လာကြတော့၏။

ကြည့်စမ်း မကြာခင် အချိန်အတွင်းမှာ မေယမုံဆီကို မင်းရဲထွဋ်မှ ရောက်လာတော့မယ်။ အရမ်းကို သေချာတယ်။ သူကိုယ်တိုင် ကြီးကျယ် ခမ်းနားစွာ စီစဉ်ထားတဲ့ မင်္ဂလာပွဲကြီး တစ်ခုလုံးကို စာရွက်ကလေး တစ်ရွက်နဲ့ မေယမုံက ဖျက်ဆီးပစ်လိုက်တဲ့ ကိစ္စမှာ ကျေနပ်ပါတယ်ဗျာ ဆိုပြီး မင်းရဲထွဋ်မှက ခေါင်းငုံ့နေမှာ မဟုတ်ဘူး။ အသေအချာကို သူမဆီ ရောက်လာလိမ့်မယ်။

ကဲ.... အဲသည်လို ရောက်လာတဲ့ အချိန်မှာ မေယမုံက မင်းရဲထွဋ်မှကို တစ်ခုခု ပေးကို ပေးရလိမ့်မယ်။ မဖြစ်မနေပေ့ါ။ ဘာတွေ ပေးရမလဲ။

မျက်ရည်တွေလား၊ ရိုးသားမှုတွေလား၊ သရော်လှောင်ပြောင်မှုတွေလား၊ မုန်းတီး နာကြည်းခြင်းတွေလား၊ အရှုံးပေးခြင်းတွေလား၊ သွားစမ်းပါ။

အဲဒါတွေပေးလို့ မင်းရဲထွဋ်မှက အချိန်ဘယ်လောက် ကြာကြာ နင်ကျင်ပေးမှာမို့လဲ၊ ခံစားပေးမှာမို့လဲ။ မေယမုံ ပေးချင်တာက မင်းရဲထွဋ်မှကို တစ်သက်လုံး နာကျင် ကြေကွဲလန့်ပြီး ဒဏ်ရာအနာတရ ဖြစ်နေစေမယ့် လက်ဆောင် တစ်ခုခု။

နှုတ်ခမ်းကို ပြတ်လုတဲတဲ့ ကိုက်ထားပြီး ဝေဝါးသော မျက်လုံးများဖြင့် သူမက ခြေချောင်း ကလေးများကို စူးစိုက်ကြည့်နေဆဲ သူမ၏ မျက်ဝန်း ထောင့်ထဲသို့ ဆေးခန်းတစ်ခု၏ တံဆိပ်ပါသော စာရွက် အပိုင်းကလေးများ တိုးဝင်လာသည်။

အဲသည်မှာတင် ကြောက်စရာ ကောင်းသော ကြံစည်မှု တစ်ခုဖြင့် မင်းရဲထွဋ်ကို တိုက်ခိုက် ထိုးနှက်ဖို့ဆိုသော စိတ်ကူးဆိုးဆိုးများက သူမ၏ အာရုံထဲသို့ တိုးဝင်လာခဲ့ပြီး တစ်ထိုင်တည်းမှာပင် ထိုစိတ်ကူးကို ဆုံးဖြတ်ချက် အဖြစ်သို့ သူမကိုယ်တိုင် ပြောင်းလဲပစ်လိုက်တော့သည်။

သေချာတာကတော့ ထိုဆုံးဖြတ်ချက်ကို အခိုင်အမာ ဆုံးဖြတ်ပြီးသွားသည့် အချိန်အထိ မေယမုံက နောက်ဆက်တွဲ ဖြစ်လာမည့် အကြောင်းအရာများ အကျိုးဆက်များအတွက် နည်းနည်း ကလေးမှ ထည့်မတွက်မိခြင်းဘဲ ဖြစ်၏။

လောလောဆယ် သူမရင်တွင်း၌ ပြည့်သိပ်နေသည့် အပြင်းစား ဆန္ဒများက မင်းရဲထွဋ်ကို နိုင်ဖို့၊ ဘယ်လိုနည်းနဲ့ပဲ ဖြစ်ဖြစ် မင်းရဲထွဋ်ကို အနိုင်ရဖို့ အတွက် ဆိုသော အတွေးသာရှိနေကြောင်း သူမက ကျိန်တွယ်၍ ဝန်ခံရဲနေပြန်သည်။

***

၁၉၉၃၊ နိုဝင်ဘာ ၁၅၊ တနင်္ဂနွေနေ့။
နေ့လယ် ၂း ၄၅၊

တိတ်ဆိတ်သွားသော လူများကြားထဲ၌ ရပ်တန့်ရင်း ကားပေါ်မှ ဆင်းလာမည့် မေယမုံကို မျှော်လင့်တကြီး စောင့်ကြည့်နေဆဲ၊ သူ့ဆီသို့ အသက်ရှူရပ်သွားလောက်အောင် မောပန်းသွားစေသည့် မြင်ကွင်းတစ်ခုက ပြေးဝင်လာသည်။

အဲဒါက ကားပေါ်မှ ဆင်းလာသော ခြေထောက်အစုံ၏ မြင်ကွင်း။ သူ့အနေနှင့် အပြင်းအထန် မျှော်လင့်ထားမိတာက ကားပေါ်မှ ဆင်းလာမည့် ခြေထောက်အစုံသည် ဖြူဖွေးလှပသော မေယမုံ၏ ခြေထောက်များ ဖြစ်သော်လည်း အမှန်တကယ် ကားပေါ်မှ ဆင်းလာသည့် ခြေထောက်ကတော့ သူ မျှော်လင့်ချက်နှင့် ဆန့်ကျင်ကွဲလွဲနေသော သူစိမ်းယောကျ်ားကြီး တစ်ယောက်၏ ခြေထောက်တစ်စုံ ဖြစ်နေခြင်းက အင်မတန်မှကို ဆိုးရွားစုတ်ပဲ့လွန်းနေတာ သေချာသည်။

သူ့လိုပင် သတို့သမီးအိမ်က ကားကို သိထားသည့် လူအချို့ကတော့ ကားပေါ်၌ သတို့သမီး ပါမလာခြင်းအပေါ် ခဏတစ်ဖြုတ်သာ စိတ်ဝင်တစား ကြည့်ကြပြီး နောက်ပိုင်းမှာတော့ ပိုနေမြဲ ကျားနေမြဲ။

နေစမ်းပါဦး၊ ကားပေါ်က ဆင်းလာတာဟာ ဘယ်သူလဲ၊ ဘာကိစ္စနဲ့ လာတာလဲ မေယမုံ ဘာဖြစ်နေတယ်ဆိုတဲ့ အကြောင်း သူ့ကို မေးလို့ မသိနိုင်ဘူးလား။ အတွေးနှင့် အတူ ခြေလှမ်းများက ခန်းမဝင်ပေါက်ဆီသို့ လှမ်းရန် ဟန်ပြင်ဆဲ နံဘေးစားပွဲမှ လူတစ်ယောက်က သူ့လက်ကို ဖျတ်ခနဲ လှမ်း

ဆွဲသည်။

"ဘယ်လိုလဲ သတို့သားရဲ့ နှုတ်ဆက်ချင်နေတာ ကြာပြီ၊ သည်စားပွဲကို ရောက်မလာနိုင်သေးလို့ စောင့်နေရတာ"

စိတ်လွတ်လက်လွတ်ဖြင့် သူက လက်လှမ်းဆွဲသောသူကို ဘုကြည့်ကြည့်ရန် ဟန်ပြင်ပြီးမှ သတိထားထိန်းချုပ်ပြီး တစ်ချက် ရယ်ပြလိုက်ရသည်။ သူ့အပြုံး၌ ဘယ်လိုနည်းနှင့်မှ အသက်ပါမည် မဟုတ်မှန်း သိနေသော်လည်း ဘာမှ မတတ်နိုင်ပြန်။

"ဂုဏ်ယူပါတယ်ဗျာ၊ ရာသက်ပန် ခိုင်မြဲနိုင်ပါစေ"

အပေါက်ဝကို လှမ်းကြည့်လိုက်ဆဲ စကားသံက နားထဲသို့မဝင်ဘဲ အပြင်သို့ လျှံထွက်ကျသွားသည်။

ကြည့်စမ်း... စောစောက လူနဲ့ လေးလေးနဲ့ ဘာတွေ အခြေအတင် ပြောနေကြတာလဲ။

လေးလေး ရှိရာသို့ ပြေးထွက်သွားလိုသော ဆန္ဒအား အကောင်အထည်ဖော်ရန် ဟန်ပြင်ဆဲ သူ့လက်ဖဝါး တစ်ဖက်က အခြားလူတစ်ယောက်၏ လက်ထဲသို့ ရောက်သွားပြန်သည်။

"ကွန်ဂရက်ကျူးလေးရှင်း မစ္စတာ မင်းရဲထွဋ်"

ဘိုဆန်ဆန် ဂုဏ်ပြုနေသော လူတစ်ယောက်ကို သူက စိတ်ချဉ်ပေါက်ပေါက်ဖြင့် "ကျေးဇူးတင်ပါတယ်" ဟု မြန်မာလို တုံးတိတိပဲ ပြောချပစ်လိုက်သည်။

"ဘယ်လိုလဲဗျ၊ သတို့သမီး နောက်ကျနေလိုက်တာ၊ ကျွန်တော်တို့တော့ မျက်လုံးတွေက လင်းကွင်းလောက် ကျယ်ပြီး လည်ပင်းတွေ ညောင်ရေအိုးလို ရှည်ထွက်တော့မယ်၊ မှန်း.... သတို့သားကရော...."

အပြောင်အပြက် နောက်ပြောင်သော စကား၌ ဝါးခနဲ ပွဲကျသွားတော့ သူက ဟန်ဆောင် ပန်ဆောင်ကလေးပင် ပြုံးရယ်နိုင်ခြင်း မရှိဘဲ စိတ်အနှောင့်အယှက် ကြီးစွာဖြင့် ထိုစားပွဲမှ ရုန်းထွက်ဖို့ ကြိုးစားရင်း အပေါက်ဝကို လှမ်းမျှော်ကြည့်မိသွားပြန်သည်။

ဘုရားရေ ဟိုလူကြီး ဘယ်ရောက်သွားပြီလဲ။

အလန့်တကြားဖြင့် ရှာဖွေရန်ဟန်ပြင်ဆဲ အနီရောင်ကတ္တီပါ ခင်းထားသည့် မိန်းလမ်းမကြီး အတိုင်း ခြေလှမ်းကျဲကျဲနှင့် လမ်းလျှောက်ဝင်လာသော လူကြီးက သူ့ကိုဖြတ်ကျော်၍ မင်္ဂလာစင်မြင့်ဆီသို့ တရွေ့ရွေ့တိုးကပ်သွားသည်။

ဘယ်သွားမှာလဲ။

ခင်ဗျား ဘယ်လိုသွားမှာလဲ။ သည်မှာ ယမုံ ဘာဖြစ်နေတယ် ဆိုတာ ကျုပ်ကို အရင်ဆုံး ပြောပြပါဗျ။

စိတ်ထဲမှ ခပ်ကျယ်ကျယ် အော်ပြောနေမိသော်လည်း သူ့လည်ချောင်းထဲမှ ခြောက်ကပ်ကပ် ဟန်ဆောင် ရယ်မောသံမှ လွဲပြီး ဘာမှထွက်မလာ။ အမှန်တကယ် သူလုပ်နေရတာက စိတ်မပါသော လက်လှုပ် ခေါင်းယမ်းခြင်းများသာ ဖြစ်နေသည်။

မင်္ဂလာ စင်မြင့်ပေါ်သို့ ထိုလူကြီး တက်သွားသည့် အချိန်၌ တစ်စုံတစ်ခုကို ရိပ်မိသိရှိသလို ခံစားလိုက်ရပြီး ထိုတစ်စုံ တစ်ခုကိုပင် သူက အပြင်းအထန် ငြင်းဆန်နေမိပြန်သည်။

ညှော့သည်အားလုံး၏ အာရုံကို မင်္ဂလာ စင်မြင့်ပေါ်သို့ ရောက်သွားအောင် သိမ်းသွင်း စည်းရုံးလိုက်သော အသံတစ်ခု ထွက်လာသည့် အချိန်မှာတော့ ဖြစ်လာတော့မည် တစ်စုံတစ်ရာကို သဘောပေါက်မိပြီး မှုန်းတီးစရာ

ကောင်းလောက်သော ထုံထိုင်း လေးလံမှုမျိုးဖြင့် သူက ဘာကိုမှ မတားမြစ်နိုင်ဘဲ ဆွံ့အချည့်နဲ့သွားတော့သည်။

"ကြွရောက် ချီးမြှင့်ကြတဲ့ မင်္ဂလာ ဧည့်သည်တော်များ ခင်ဗျာ၊ ကျွန်တော်ဟာ သတို့သမီး မေယမုံရဲ့ ဥပဒေ အကျိုးဆောင် တစ်ယောက်ပါ၊ အခုအချိန်ကစပြီး သည်မင်္ဂလာပွဲအပေါ်မှာ ထားတဲ့ မမေယမုံရဲ့ ဆန္ဒနဲ့ သဘောထားကို ကျွန်တော် ဖတ်ကြားပြပါ့မယ် ခင်ဗျာ"

တိတ်ဆိတ်သွားသော အသံများ ကြားထဲ၌ သူကိုယ်တိုင်၏ ရင်ခုန်သံက ကျယ်လောင်စွာပင် သူ့ကို ဒုက္ခပေးနေသယောင်။

သူ့ကိုယ်သူ မေယမုံ ရှေ့နေပါဟု မိတ်ဆက်နေသော လူကြီးက စကားမဆက်သေးဘဲ တိုက်ပုံအင်္ကျီအိတ်ထဲမှ စာအိတ်တစ်လုံးကို ဆွဲထုတ်ယူကာ အစွမ်းကုန် တိကျသေသပ်ဟန်ဖြင့် စာအိတ်ကို ဖောက်ပြီး စာတစ်စောင်ကို ထုတ်ကာ ဖြန့်ဖတ်သည်။ အဲသည် အချိန်အထိ မင်းရဲထွဋ်က အသက်ရှူခြင်းမှ လွဲ၍ ဘာတစ်ခုမှ မလှုပ်ရှားနိုင်သော သေဆုံးလုတဲတဲ သတ္တဝါ တစ်ကောင်လို။

"ဂုဏ်သရေရှိ ဧည့်သည်တော်များ ခင်ဗျား... မမေယမုံရဲ့ စာကို ကျွန်တော်ဖတ်ပြပါ့မယ်"

ကျွန်မ မေယမုံနှင့် မင်းရဲထွဋ်တို့၏ မင်္ဂလာ လက်ထပ်ပွဲကို သတို့သားမင်းရဲထွဋ်၏ ခွင့်မလွှတ်နိုင်သော လူမှုရေး ချွတ်ယွင်းချက်ကြောင့် ကျွန်မမေယမုံဘက်မှ ဖျက်သိမ်းကြောင်း အကြောင်းကြား ကြေညာအပ်ပါသည်။

ပုံ....

မေယမုံ

အိုင်အက်စ်အင်- ၆၁၀၂၄၇

ဘုရားရေ...

သူ့ ခန္ဓာကိုယ်က အဝေးကြီးသို့ လွင့်ထွက်သွားပြီး အမြင့်မှ ဝုန်းခနဲ ပြန်ကျကာ အစိတ်စိတ် အမြွာမြွာ ကွဲထွက်သွားသလို ခံစားလိုက်ရဆဲ နားထဲသို့ လူများစွာ၏ တီးတိုးစကားသံများက အလုံးလိုက် အရင်းလိုက် စုပြုံ ဝင်ရောက်လာတော့သည်။

"ဟင် ဘယ်လို ဖြစ်ရတာလဲ"

"ဖျက်မယ်ဆိုလဲ စောစောစီးစီး ဖျက်ပေါ့"

"ခွင့်မလွှတ်နိုင်တဲ့ လူမှုရေး ချွတ်ယွင်းချက်တဲ့၊ ဘာလဲ"

အား...

ဝိုင်းကြည့်နေသော မျက်လုံးပေါင်းစုံ၏ ဒဏ်ကို ခုခံကာကွယ်ရန် စိတ်မကူးဝံ့တော့ဘဲ သူက ထွက်ပေါက် တစ်ခုခုကိုသာ အသေအလဲ ရှာဖွေနေမိတော့သည်။

ခွင့်မလွှတ်နိုင်တဲ့ လူမှုရေးချွတ်ယွင်းချက်...

ခွင့်မလွှတ်နိုင်တဲ့ လူမှုရေးချွတ်ယွင်းချက်... ဘာလဲ၊ အဲဒါ ဘာလဲ မေယမုံ... လက်ထပ်မယ့်နေ့၊ လက်ထပ်မယ့် အချိန်မှ ဘယ်လို ချွတ်ယွင်းချက်တွေကို မင်းမြင်သွားရတာလဲ။ ငါ နားမလည်ဘူး။ ဘယ်လိုမှ နားမလည်ဘူး။ နားမလည်ဘူး...။

တချို့ စားပွဲဝိုင်းများမှ လူများက ပြန်ရန်အတွက် မတ်တတ်ရပ်လိုက်ကြသည့် အချိန်မှာတော့ သူက ဘယ်လိုမှ ဟန်မဆောင်နိုင်တော့ဘဲ ပြာဝေနေသော မျက်လုံးများနှင့် လူအချို့ကိုတွန်းတိုက်၍ ငရဲခန်းကြီးထဲမှ ထွက်ပြေးလာခဲ့မိတော့သည်။

မိန်းမတစ်ယောက်ရဲ့ နားလည်ရခက်တဲ့ ရက်စက်ညစ်ပတ် အကွက်ကျကျ

စီမံစော်ကားမှု၊ မုန်းတီးစရာကောင်းလှတဲ့ အပြောင်းအလဲ မြန်ဆန်မှု၊ ထို အရာအားလုံးက သူ့ခန္ဓာကိုယ်ထဲရှိ အသွေးအသားများအား တတိတိဖြင့် ချိုးဖွဲ့ဖျက်ဆီး ပစ်နေတာ သေချာသည်။

ဘယ်လို နားလည်ရမှာလဲ မေယမုံ။

တကယ်ဆို... မင်းနဲ့ ကိုယ်ဟာ ရန်သူတွေမဟုတ်ဘဲ မေယမုံ။ အခုတော့ ဧည့်သည်တွေ အများကြီးရဲ့ ရှေ့မှာ ကိုယ့်ဘဝကို အကွက်ကျကျနဲ့ ခြေမွ ပစ်လိုက်ပြီး ဒါဟာ... ချစ်သူတစ်ယောက်နဲ့ လုပ်ရပ် မဟုတ်ဘူး။ ရန်သူတစ် ယောက်ရဲ့ လုပ်ရပ်၊ နာကြည်းမုန်းတီးနေသူ တစ်ယောက်ရဲ့ လုပ်ရပ်၊ မင်း အနေနဲ့ ကိုယ့်အပေါ်မှာ ပက်ပက်စက်စက် နာကြည်းမုန်းတီးစရာ အကြောင်းတွေ ချစ်သူသက်တမ်း တစ်လျှောက်မှာ ရှိနေခဲ့သလား။ ကိုယ် လုံးဝမသိခဲ့ရပါလား မေယမုံ မျက်လုံးတွေကို ဖွင့်၍ အပြေးအလွှား တွန်း တိုက် ထွက်လာခဲ့သော်လည်း သူ့မျက်ဝန်းများက ဘယ်လို အရာဝတ္ထုများ၊ အရောင်အသွေးများ၊ အမူအရာများကိုမှ မမြင်ရဘဲ အမှန်တကယ် မြင်တွေ့ နေရသည့် အရာများက မေယမုံ မျက်နှာနှင့် အပြုံးများသာ ဖြစ်နေခဲ့၏။

"မင်းရဲထွဋ်ဒ္ဓ ဘယ်သွားမှာလဲ"

တစ်ယောက်ယောက်က လက်မောင်းကို ဖမ်းကိုင်ပြီး မေးတော့ အာရုံကြောများ ထုံထိုင်းချည့်နဲ့နေသော သူက ခပ်ကြောင်ကြောင် မျက်လုံး များနှင့် လှည့်ကြည့်ဖြစ်သည်။ သူ့ အမြင်အာရုံထဲသို့ တိုးဝင်လာဘာက ရုပ်ပျက်ဆင်းပျက်နှင့် ဖြူဖပ်ဖြူရော် ဖြစ်နေသော လေးလေး၏ မျက်နှာ။

"လေးလေး... ကားသော့"

သူ့အသံက မှတ်မိချင်စရာ မကောင်းလောက်အောင် တုန်ယင်ချည့်နဲ့ နေ သည့်အတွက် သူက ဒေါသတကြီးဖြင့် နှုတ်ခမ်းများကို ဖိကိုက်ပစ်လိုက် မိသည်။

"မင်းက ဘယ်သွားမလို့လဲ သား"

သားဟု ကရုဏာတကြီး ခေါ်လိုက်သော လေးလေးအသံကြောင့် သူက အဆုံးစွန်ထိ ကြေကွဲသွားရတော့သည်။

"မင်း အိမ်ပြန်၊ မောင်ထူး လိုက်ပို့ပေးလိမ့်မယ့်၊ ဟော့ကောင် မောင်ထူး၊ ရော့ ကားသော့၊ မင်းဆရာကို အိမ်ပြန်ပို့ပေး"

မောင်ထူးကို လှမ်းပေးနေသော လေးလေး လက်ထဲမှ ကားသော့ကို လမ်းတစ်ဝက်မှာတင် သူက လှမ်းယူလိုက်ပြီး ကားရှိရာသို့ အပြေးအလွှား ထွက်လာဖြစ်သည်။

လေးလေး၏ သတိပေးသံ၊ တားမြစ်သံ၊ မာန်မဲသံများက သူ့နောက်ကျောဆီသို့ ကပ်ပါလာသော်လည်း သူက နည်းနည်းကလေးမှ လှည့်မကြည့်ဘဲ ခြေလှမ်းများကို ရှေ့သို့သာ ဆက်ပြေးနေမိသည်။

လောလောဆယ် သူ အသွားချင်ဆုံး နေရာက မေယမုံဆီ။

သိပ်ကိုသေချာတယ်။ အခုအချိန်မှာ မေယမုံဆီ မသွားဖို့ သူ့ကို ဓားမိုးပြီး တားရင်တောင် အသေခံပြီး ရောက်အောင် သွားရလိမ့်မယ်။ အမြဲတစေ အောင်မြင်ခြင်းတွေ၊ အကောင်းဆုံးတွေနဲ့ လှပဝေစည်နေခဲ့တဲ့ မင်းရဲထွဋ်ရဲ့ ဘဝကို ရုပ်ပျက်ဆင်းပျက် ဖြစ်သွားအောင် တစ်ခါမှ အိပ်မက်အဖြစ်တောင် မမက်ဖူးခဲ့တဲ့ ရှုံးနိမ့်မှုမျိုးတွေနဲ့ နာလန်မထူနိုင်အောင် ဆိုးဆိုးဝါးဝါးကြီး လုပ်ချသွားတဲ့ မိန်းမ တစ်ယောက်ဆီကို မဖြစ်မနေရောက်အောင် သွားရမှာပဲ။

တုန်ယင်နေသော လက်ချောင်းများကြောင့် ကားသော့ကို တော်တော်နှင့် ဖွင့်မရသည့်အတွက် သူက ဒေါသတကြီးဖြင့် ကားတံခါးကို ခြေထောက်နှင့် ကန်လိုက်မိသည်။ တင်းမာစွာ အံကြိတ်ထားသည့် အတွက် သူ သွားများနှင့်

မေးရိုးများ အပြင်းအထန် နာကျင်နေသော်လည်း သူက အံကိုခပ်တင်းတင်း ကြိတ်ထားမြဲ။

ကြည့်စမ်း၊ အခုအချိန်မှာ မေယမုံ ဘာတွေ လုပ်နေသလဲ၊ မင်းရဲထွဋ်ဆိုတဲ့ လူတစ်ယောက်ရဲ့ အရှုံးတွေကို ပုံဖော်ကြည့်ပြီး တစိမ့်စိမ့် အရသာ ခံနေမလား။ ဒါမှမဟုတ် စစ်နိုင်သွားတဲ့ စစ်သူကြီး တစ်ယောက်ရဲ့ ဟန်ပန်နဲ့ ဂုဏ်ယူ ကျေနပ်နေမလား။

သေစမ်းကွာ။

ကားတံခါးကို တအားကုန် ဆောင့်ပိတ်အပြီး ကားစက်နှိုးကာ ဒေါသတကြီးဖြင့် မေယမုံရှိရာသို့ ဦးတည်လာနေဆဲ အချိန်အထိ သူက နောက်ထပ် တစ်ကြိမ် သူ့ထံသို့ ရောက်လာမည့် ကံဆိုးမိုးမှောင်ကျခြင်း တစ်ခုအား ဘယ်လိုနည်းနှင့်မှ မျှော်လင့်မထားမိတာ သေချာသည်။

သို့သော် သူကိုယ်တိုင် မျှော်လင့်မထားဖြစ်သော ဆိုးဝါးသည့် ကံကြမ္မာသည် သူ့ဆီသို့ ကြိုတင် အကြောင်းကြားခြင်း မရှိဘဲ ရောက်ရှိလာခဲ့တော့သည်။ ဆိုးဝါးလွန်းတာက ထိုအတွက် သက်သာရာရအောင် ပြင်ဆင်ထားရန် ... သူ့ထံတွင် ဘာတစ်ခုမှ အဆင်သင့် ဖြစ်မနေခြင်းဘဲ ဖြစ်သည်။

***